မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်အစိုးရသစ်လက်ထက် ပေ ၁၈၀ အထက် (၁၁)စင်းမြောက် ရောဝတီတံတား(စင်းခန်း) တည်ဆောက်ဖွင့်လှစ်

ကုန်စည်များကို တစ်နိုင်ငံလုံးဖြန့်ကြက်ထားသော လမ်းကွန်ရက်များမှတစ်ဆင့် တစ်ပြည်လုံးသို့ လျင်မြန်စွာပို့ဆောင်နိုင်မည်

တံတားကြီးတစ်စင်းလုံးကို ပြည်တွင်းထုတ်ပစ္စည်းများအသုံးပြုပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်နိုင်ခဲ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရောဝတီတံတား(စင်းခန်း) ပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀ အထက် (၁၁)စင်းမြောက် တည်ဆောက်ပြီးစီးသည့် ရောဝတီတံတား(စင်းခန်း) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါ တံတားတည်ရှိရာ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး စင်းခန်းဘက်ခြမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တံတားဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီးများ၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ရပ်မိရပ်ဖများ၊ ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်နှင့် *စာမျက်နှာ ၆ ကော်လံ ၁* ❐

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀ အထက် (၁၁) စင်းမြောက် တည်ဆောက်ပြီးစီးသည့် ရောဝတီတံတား(စင်းခန်း)ကို တွေ့ရစဉ်။
(သတင်းစဉ်)

6-2 (01).pmd 1 2/6/2012, 3:18 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်)

ဖွံ့ဖြိုးမှုအလှပန်းများ ပိုမိုပွင့်လန်းလာတော့မည်

ကချင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြောက်ဘက်ဖျားရှိ ပြည်နယ်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကို ပေါင်းစုနေထိုင်ရာဒေသဖြစ်ပြီး သဘာဝသယံဇာတပေါကြွယ်ဝသည့် ဒေသလည်းဖြစ်သည်။ သို့သော် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။

ဤသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့ရသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့အား နိုင်ငံတော်အစိုးရက သွားလာမှုအဆင်ပြေစေပြီး ကုန်စည်စီးဆင်းမှုလွယ်ကူကာ ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တံတားကြီးများကို တည်ဆောက်ပေးခဲ့သည်။ အဆိုပါတံတားကြီးများအနက် ဒီမိုကရေစီအစိုးရလက်ထက် ပေ ၁၈၀ အထက် ၁၁ စင်းမြောက်အဖြစ် တံတားကြီးတစ်စင်းကို ဖေဖော်ဝါရီ ၄ ရက်နေ့က အောင်မြင်စွာဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။ ထိုတံတားကြီး၏အမည်ကတော့ ဧရာဝတီတံတား(စင်းခန်း)ပင်ဖြစ်သည်။

ဤဧရာဝတီတံတား(စင်းခန်း)သည် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ တည်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်တို့ကို ဆက်စပ်ပေးလိုက်သည့် တံတားကြီးလည်းဖြစ်သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ ပေါင်းဆုံရာဒေသ၌ ဤတံတားကြီးကို တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုတံတားကြီးသည် ကားလမ်းနှင့်ရထားလမ်း နှစ်မျိုးအသုံးပြုမောင်းနှင်သွားလာနိုင်သည့် တံတားကြီးဖြစ်သည်။ တံတားကြီး၏ကျေးဇူးကြောင့် ဒေသခံများ မော်တော်ကားဖြင့်တစ်ဖုံ၊ ရထားဖြင့်တစ်သွယ် ကူးလူးယှက်နွယ်သွားလာနိုင်ကြပြီဖြစ်သည်။ တစ်ချိန်က လှေ၊ သင်္ဘောတို့ကိုသာ အားထားနေရသော ဗန်းမော်နှင့်ကသာဒေသမှ ပြည်သူများသည် တံတားကြီးမှတစ်ဆင့်ဖြတ်သန်း၍ အချိန်တိုတိုဖြင့် ခရီးသွားနိုင်ကြပြီဖြစ်သည်။ ဧရာဝတီအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်သဖြင့် ဒေသခံပြည်သူများအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှု ရရှိလာမည်ဖြစ်သည်။

ထိုတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းအဖွဲ့(၂)က အချိန်နှစ်နှစ် ခုနစ်လဖြင့် နေ့မအား ညမနား တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတံတား(စင်းခန်း)သည် ပင်မ တံတားအရှည် ၃၂၁၅ ပေရှိပြီး ချဉ်းကပ်တံတားအရှည် စုစုပေါင်း ၁၄၁၅ ပေရှိသည်။ စုစုပေါင်း ကားတံတားအရှည် ၄၆၃၀ ပေဖြစ်သည်။ ရထားလမ်းအရှည်မှာ ပင်မတံတားအရှည်အပါအဝင် ၅၅၁၀ ပေရှိသည်။ တံတားပေါ်တွင် ၂၈ ပေအကျယ် နှစ်လမ်းမောင်း မော်တော်ကားလမ်းနှင့် ၁၄ ပေအကျယ် ရထားလမ်းတို့ပါဝင်သည်။ ဘေးတစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းများလည်းပါရှိသည်။

ဧရာဝတီတံတား(စင်းခန်း)ကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် ဒေသတစ်ခုမှတစ်ခုသို့ ကူးလူးယှက်နွယ် ချစ်ကြိုးသွယ် သွားလာနိုင်ကြပြီဖြစ်ရာ မကြာသောကာလတွင် ကချင်ပြည်နယ်တစ်ဝန်း ဖွံ့ဖြိုးမှုအလှပန်းများ ပိုမိုတိုးတက်ပွင့်လန်းလာတော့မည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု သံဖြူဇရပ်မြို့နယ်အတွင်း ကျေးလက်ရေပေးရေးဖွင့်ပွဲ ကျင်းပ

သံဖြူဇရပ် ဖေဖော်ဝါရီ ၅

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ဆောင်ရွက်ခဲ့သော ကရင်သောင်ကျေးရွာ သောက်သုံးရေဖူလုံမှုရှိစေရေးအတွက် လက်တူးတွင်းကျယ်မှ အင်ဂျင်ပန့်ဖြင့် ရေပေးရေးဖွင့်ပွဲအခမ်းအနားကို ကရင်သောင်ကျေးရွာ မဓမင်းဆိပ်အပိုင်းတွင် ဖေဖော်ဝါရီ ၁ ရက် နံနက်ကကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး ဦးမျိုးညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်တို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ရေပေးရေးစက်ရုံကို ပြည်နယ်ဝန်ကြီး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့် ကရင်သောင်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်း သောက်သုံးရေဖူလုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်ဆန်လျှအသင်း၏ အသင်းတိုက်အဆောက်အအုံသစ် ပန္နက်တင်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၌တည်ရှိသော ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်း၏ အသင်းတိုက် အဆောက်အအုံသစ် ပန္နက်တင်နှင့်တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ကြည့်မြင်တိုင် အရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းမကြီးနှင့် အုန်းပင်လမ်းထောင့်မြေနေရာ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့်တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။ ထို့နောက် တွင်းတော်ဝန်း(တွင်းတူး)မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အသင်းတိုက်အဆောက်အအုံသစ်ကို ခြောက်ထပ်အထိ အဆင့်မြှင့်တည်ဆောက်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်း အမှတ်(၈၉) အထက်ကြည့်မြင်တိုင်လမ်းမ ဈေးကြီးအရှေ့ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ဖုန်း-၅၂၃၆၉၄၊ ၅၃၇၉၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၄၂)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် ညနေ ၃နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးညွန့်က ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ ဒီဇင်ဘာလကုန်အထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်ကုန်ခန့်မှန်းခြေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

လူငယ်များ ကိုယ်စွမ်းဉာဏ်စွမ်း ထက်မြက်ထူးချွန်စေရေး နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၁၂ခုနှစ် နေပြည်တော် နွေရာသီအခြေခံအားကစား သင်တန်းများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁ရက်နံနက်က နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်ထူထောင်ရေးတွင် အနာဂတ် လူငယ်များအနေဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းထက်မြက်ထူးချွန်သူများ ဖြစ်ကြရန်လိုကြောင်း၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှ ဉာဏ်ရည် ပိုမိုရှင်လန်းမည်ဖြစ်ရာ သက်ဆိုင်ရာကျောင်းများအနေဖြင့် မိမိတို့ကျောင်းနှင့် အားကစားကွင်းများတွင်ရှိသည့် အားကစားနည်းများကို လေ့ကျင့် သင်ကြားပေးကြစေလိုကြောင်း၊ ပညာရေးရာ အားကစားကဏ္ဍများတွင်ပါ ယှဉ်ပြိုင်ကြိုးစားလိုစိတ်များ ပေါ်ပေါက်လာစေရန် ယှဉ်ပြိုင်အားကစားနည်းများကို လေ့ကျင့်သင်ကြားပေးကြစေလိုကြောင်းဖြင့် အကြံပြုမှာကြားသည်။

ကဏ္ဍအလိုက်တင်ပြ

ထို့နောက် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဦးအုန်းမြင့်ဦးနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေတို့က သင်တန်းဖွင့်လှစ်လေ့ကျင့်ပေးရန် အခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီနယ်မြေ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာဆရာမကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်လုပ်သားများအား အင်းစိန်၌ဝတ်စုံပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ယာဉ်လုပ်သားများအား ဝတ်စုံပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်က အမှာစကားပြောကြားပြီး တန်ဖိုးငွေကျပ် ၈၄၁၅၀၀၀ရှိ ယာဉ်လုပ်သားဝတ်စုံ ၁၇၀၀ကို တာဝန်ရှိသူများနှင့်ယာဉ်လုပ်သားများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

အထူးအထွက်ကောင်း ဆင်းရွှေလီစပ်မျိုးစပါး ကျောက်ကြီးမြို့နယ်၌စိုက်ပျိုး

ကျောက်ကြီး ဖေဖော်ဝါရီ ၅

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မအူပင်ဆိပ်ကျေးရွာရှိ တောင်သူ ဦးဇော်မင်း၏လယ်မြေတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပျိုးထောင်ထားသော အထူးအထွက်ကောင်းမျိုး ဆင်းရွှေလီစပ်မျိုးစပါး တစ်ဧက နေ့ချင်းပြီး ပျိုးနုတ်ကောက်စိုက်လက်တွေ့နည်းပညာပေးစိုက်ပျိုးပြသပွဲကို ဇန်နဝါရီ၂၃ရက်နံနက် ၇နာရီခွဲက ကျင်းပသည်။ အဆိုပါလက်တွေ့နည်းပညာပေး စိုက်ပျိုးပြသပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများကြည့်ရှုလေ့လာကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးအောင်ကျော်က အထူးအထွက်ကောင်းမျိုး ဆင်းရွှေလီစပ်မျိုးစပါးကို စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် GAP စနစ်ကို လိုက်နာကျင့်သုံးပါက တင်း၂၀၀ အထက်ထွက်ရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**
(မြို့နယ် ပြန်/ဆက်)

◆ ကျောဖုံးမှ

သော်တာဝင်းကုမ္ပဏီမှ ဦးနေဝင်းကျော်နှင့် အေးအေးခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က ကသာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့အတွက် တစ်ကျောင်းလျှင် ကျောင်းရန်ပုံငွေကျပ်သိန်း ၅၀ စီနှင့် ကွန်ပျူတာ ၁၀ လုံးစီ ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၅၀ စီ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကို လှူဒါန်းကြပြီး ရွှေသံလွင်ကုမ္ပဏီလီမိတက်က ကျောင်းနှစ်ကျောင်းအတွက် ရုပ်သံဖမ်းစက်တစ်စုံစီကို လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကသာမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံရှိ ဖျားနာကုသဆောင်၊ မီးယပ်သားဖွားကုသဆောင်နှင့် ကလေးကုသဆောင်တို့တွင် လူနာများအားပြုစုကုသနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အရိုးရောဂါကုသဆောင်၊ ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လူနာများကို အားပေးစကားပြောကြားသည်။

ထို့နောက် ဆေးရုံခန်းမ၌ ခရိုင်ကျန်းမာရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသင်းလွင်က ဆေးရုံရှိ ဆရာဝန်နှင့် ဝန်ထမ်းဦးရေ၊ ရောဂါဖြစ်ပွားမှုနှင့် ဆေးရုံတက်ရောက်ကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ကသာခရိုင် ခုတင်(၁၀၀)ဆံ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ယခုကဲ့သို့တွေ့ဆုံချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှု၌ ဆောင်ရွက်ရမည့် အပိုင်းနှစ်ပိုင်းဖြစ်သော ကုသရေးကဏ္ဍ၊ ကြိုတင်ကာကွယ်ရေး ကဏ္ဍတို့အပြင် ဆောင်ရန် ရှောင်ရန်ကျင့်ဝတ်များအပိုင်းတို့ကို မှာကြားလိုကြောင်း။

ပထမဦးစွာ ကုသရေးအပိုင်းတွင် ဤခရိုင်အတွင်း ဆရာဝန်နှင့် လူနာအချိုးမှာ (၁း၆၈၄၄) ဖြစ်သဖြင့် လုပ်ငန်းပမာဏများပြားမည်ကို သိရှိနိုင်ကြောင်း၊ ကုသရေးကဏ္ဍ၏ အခြေခံလိုအပ်ချက်ဖြစ်သော အဆောက်အအုံ၊ ဝန်ထမ်း၊ ဆေးဝါး၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း စသည့် အချက်(၄)ချက် ပြည့်စုံပါက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် ကုသရေးလုပ်ငန်းများကို အထိုက်အလျောက် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း။

အဆိုပါအချက်(၄)ချက် မပြည့်စုံနိုင်သေးသည့် ကျေးရွာဒေသများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိဆရာဝန်ဘွဲ့ရ ဦးရေ ၂၆၀၀၀ ကျော်ရှိပြီး စုစုပေါင်းအင်အား၏ သုံးပုံနှစ်ပုံသာ ကျန်းမာရေးနယ်ပယ်တွင် အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် ဆရာဝန်နှင့် လူနာအချိုး ၁း၃၀၀၀ နီးပါးဖြင့် လုပ်ငန်းများ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

အချိန်ယူလေ့ကျင့်

ထို့အတူ သူနာပြု ၂၅၀၀၀ ခန့်၊ သားဖွားဆရာမ ၁၅၀၀၀ ကျော်သာရှိနေသေး၍ ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ၊ ကျန်းမာရေးလက်ထောက်စသည့် အင်အားများသည်လည်း နည်းပါးလျက်ရှိသေးကြောင်း၊ အာဆီယံသတ်မှတ်ချက်ကိုပင် ပြည့်မီခြင်းမရှိသေးကြောင်း၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်သူများစွာကို အချိန်ယူ လေ့ကျင့်မွေးမြူသွားရဦးမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းတွင်ပါဝင်သည့် ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဟူသည့် ရည်မှန်းချက်တစ်ရပ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကသာမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နည်းလမ်း ရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အထက်ပါစီမံကိန်း ရည်မှန်းချက်အောင်မြင်နိုင်စေရေးအတွက် ကျေးရွာများမှ ကျန်းမာရေးစောင့်ရှောက်မှုတွင် စေတနာ ဝါသနာပါသော ဒေသခံလူငယ်လူရွယ်များအား ခေါ်ယူသင်တန်းပေးခြင်းနည်းလမ်းဖြင့် ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ ကျေးရွာများ၌ စနစ်ကျနသော အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့သည် အခြေခံကုသရေး အတွေ့အကြုံများရရှိလာသည်နှင့်အမျှ အထူးကုဆရာဝန်ကြီးများကပါ လိုအပ်ချက်များ ထပ်မံသင်တန်းပို့ချပေးခြင်း၊ သင်တန်းတွင် လက်တွေ့လုပ်ငန်းများ ထပ်မံဆောင်ရွက်စေခြင်းတို့ဖြင့် ကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်သူတစ်ဦးအဖြစ် ကျေးရွာက အားကိုးအားထားပြုလာနိုင်မှာဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် ကုသရေးအပိုင်းမှ ဝန်ထမ်းအင်အားနည်းပါးမှုကို အချိန်တိုအတွင်း ဖြည့်တင်းပေးရာရောက်သကဲ့သို့ ကြိုတင်ကာကွယ်ရေးအပိုင်းကိုလည်း တစ်ပါတည်းဆောင်ရွက်ရာ ရောက်ကြောင်း။

ထို့အပြင် ဤလုပ်ငန်းများသည် တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်များက တိုက်ရိုက်စီမံချက် ချမှတ်ဆောင်ရွက်နိုင်ပြီး ခရိုင်ဆေးရုံများတွင် သင်တန်းများဖွင့်လှစ် သင်ကြားခြင်းဖြစ်၍ ဒေသခံသင်တန်းသားများအတွက်လည်း အခက်အခဲနည်းပါးစေမှာ ဖြစ်ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် အကောင်းဆုံးသော နည်းလမ်းတစ်ရပ်မဟုတ်သည့်တိုင် လတ်တလော ဖြေရှင်း ဆောင်ရွက်နိုင်သည့် ဖြစ်နိုင်စွမ်းရှိသော နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ နည်းစနစ်ကျနမှုနှင့် စေတနာမှန်ကန်မှုသာ လိုအပ်ကြောင်း။

ကြိုတင်ကာကွယ်ရေးအပိုင်းအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် ငှက်ဖျား၊ တီဘီ၊ HIV စသည့် ကာကွယ်ရေးလုပ်ငန်းများအပြင် သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများကလည်း ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ မိမိတို့နိုင်ငံ၏ လူနေမှုဘဝပုံစံကြောင့်ဖြစ်ပွားလေ့ရှိသည့် ကူးစက်ရောဂါမဟုတ်သော သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချိုစသည့် ရောဂါများဖြစ်ပွားရသည့် အခြေခံရင်းမြစ်များအတွက်ပါ ပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နောက်ဆုံး မှာကြားလိုသည်မှာ ကျင့်ဝတ်အပိုင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းအချို့၏ အားနည်းမှု၊ ကျင့်ဝတ်သိက္ခာ လေးစားလိုက်နာမှုမရှိခြင်းတို့ကြောင့် လက်ရှိကာလတွင် ဆရာဝန်နှင့် လူနာဆက်ဆံရေးသည် ယခင်ကနှင့် မတူတော့သည်ကို သတိပြုကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကျင့်သုံးရမည့် ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများအတိုင်း တိတိကျကျလိုက်နာကျင့်သုံး၍ ပြုစုကုသပေးခြင်းဖြင့် တာဝန်ဝတ္တရားကျေပွန်အောင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အလှူရှင်များက ဆေးရုံတွင် Ultrasound ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၁၀၀၊ ဆေးရုံငွေပဒေသာပင် ငွေကျပ် ၁၇၅ သိန်းနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက်နှစ်စုံတို့ကို လှူဒါန်းကြသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်နေ ဦးလှထွေး-ဒေါ်ကြင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆွမ်း ဆေးပဒေသာပင်အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အထက်ပိုင်းဒေသများ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၉၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အထက (၅) ဗိုလ်တထောင် (၁၉၆၆–၁၉၇၆) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

အထက(၅) ဗိုလ်တထောင်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တက္ကသိုလ်ဝင်တန်း၌ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူများက ပညာသင်ပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ (တောင်ဥက္ကလာပ ဂေါက်ကွင်းအနီး) VENUS GARDEN စားသောက်ဆိုင်၌ ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) ပြည်ထောင်စုနေ့တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများထည့်ဝင်လိုပါက ဦးမြင့်ဦးလွင် ဖုန်း-၀၉- ၅၁၂၉၆၀၃၊ ၀၁-၅၀၉၃၃၄၊ ဦးလှဌေး ဖုန်း-၀၉-၄၃၀၂၇၁-၁၆၊ ဒေါ်ကက်သရင်းသန်း ဖုန်း-၀၉-၅၁၉၂၁၄၀၊ ဒေါက်တာတင်အေးခိုင် ဖုန်း-၀၉-၅၁၁၀၆၄၄၊ ဦးလှမောင် ဖုန်း-၀၁-၂၉၆၇၁၂၊ ဒေါ်မာဂရက်အုန်း ဖုန်း-၀၁-၇၀၀၇၂၉၊ ဦးဟယ်ရီမူလာ ဖုန်း-၀၉-၄၃၀၆၂၆၈၀၊ ဒေါ်ခင်မာကြည် ဖုန်း-၀၉-၅၀၇၈၃၉၇၊ ၀၁-၂၄၅၄၀၃၊ ဦးခရစ်စနား ဖုန်း-၀၉-၇၃၀၈၄၉၀၁၊ ဦးခင်မောင်တင့် ဖုန်း-၀၁-၂၉၃၅၇၀၊ ဦးကျော်ဇေယျ ဖုန်း-၀၉-၉၃၀၆၁၆၅၆၊ ဦးလှချစ် ဖုန်း-၀၉-၄၉၂၉၇၆၅၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံး၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် Mr. Tomas Ojea Quintana သည် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမ၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ စာနယ်ဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များ၊ သတင်းထောက်များနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်ပေါင်းစုံတိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု အလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်က လှိုင်မြို့နယ် လှိုင်မင်္ဂလာခန်းမ၌ ကျင်းပရာ အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသော အလုံမြို့နယ်မှ မသဇင်ထွန်းအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (၁၂၂)

ထပ်ဆင့်မှာကြား

ဖေဖော်ဝါရီ ၄ရက်က မြစ်ကြီးနားမြို့၌ ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ၂၀၁၁ ခုနှစ် တတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူးက ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲတို့မှ အရာထမ်းဝန်ထမ်းများအား ထပ်ဆင့်မှာကြား ရှင်းလင်းစဉ်။ (မြန်မာ့အလင်း)

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်များ ၂၀၁၄ ခုနှစ်ကုန်တွင် ရုပ်သိမ်းမည်

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၅

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)မှ တပ်ဖွဲ့ဝင်များကို မူလစီစဉ်ထားသည့်အတိုင်း အာဖဂန်နစ္စတန်နိုင်ငံမှ ၂၀၁၄ခုနှစ်ကုန်တွင် ရုပ်သိမ်းမည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် အင်ဒါးစ်ဖော့ရပ်စ်မြူဆင်က ပြောကြားလိုက်သည်။ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ နေတိုးဌာနချုပ်၌ နေတိုးကာကွယ်ရေးဝန်ကြီးများ၏ နှစ်ရက်ကြာအစည်းအဝေးအပြီး ဖေဖော်ဝါရီ ၃ရက်က သတင်းစာရှင်းလင်းပွဲတွင် နေတိုးအတွင်းရေးမှူးချုပ် ရပ်စ်မြူဆင်က အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။ **(ဝဲပုံ)**

သို့သော် ပြင်သစ်တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်နိုင်ငံမှ ထိုအချိန်မတိုင်မီ တစ်နှစ်စော၍ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက စောစောပိုင်းကထုတ်ပြန်ထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အယ်လ်ဂျီးရီးယား၌ ဆီးနှင်းများဆိုးရွားစွာကျဆင်း လေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားရ

အယ်လ်ဂျီးယားစ် ဖေဖော်ဝါရီ ၅

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့တော်တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေမှုကြောင့် လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းထားရကြောင်း ဖေဖော်ဝါရီ ၅ ရက်က သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဥရောပမှအအေးလှိုင်းသည် မြောက်အာဖရိကနိုင်ငံဖြစ်သည့် အယ်လ်ဂျီးရီးယား နိုင်ငံသို့လည်း ရောက်ရှိကျရောက်လျက်ရှိရာ အယ်လ်ဂျီးယားစ်မြို့လမ်းများပေါ်တွင် ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည်။ အယ်လ်ဂျီးယားစ်မြို့လေဆိပ်မှ ပြင်သစ်နိုင်ငံ လိုင်ယွန်၊ မိန့်ဖ်နှင့် မာဆေးလ်မြို့လေဆိပ်များအပါအဝင် ပါရီမြို့အထိပျံသန်းပြေးဆွဲနေသော လေကြောင်းလိုင်းများကို ဆီးနှင်းများ ဆိုးရွားစွာကျဆင်းနေမှုကြောင့် ဖျက်သိမ်းထားရသည်။ အယ်လ်ဂျီးရီးယားနိုင်ငံ ပြည်နယ် ၁၈ ပြည်နယ်တွင် ဓာတ်အားဖြန့်ဖြူးမှုနှင့် ဓာတ်ငွေ့ပေးပို့မှုများကို ပိုမိုဖြည့်ဆည်းထောက်ပံ့ပေးရလျက်ရှိသည်။ ဆီးနှင်းဖုံးလွှမ်းနေသော လေဆိပ်ဧရိယာနှင့်မြို့တွင်းကားလမ်းများကို မော်တော်ယာဉ်များအသုံးပြုပြီး ဖယ်ရှားရှင်းလင်းလျက်ရှိသည်။ **(အင်တာနက်)**

ဆိုမာလီမြို့တော်ရှိ ဒုက္ခသည်စခန်းအတွင်း မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ် ပျက်ကျ

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၅

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးရှိ ဒုက္ခသည်စခန်းတစ်နေရာတွင် မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း မျက်မြင်တွေ့မြင်သူများက ပြောကြားသည်။

မိုဂါဒစ်ရှူး ဘဒ်ဘာဒိုဒုက္ခသည်စခန်းရှိ တဲငယ်တစ်လုံးပေါ်သို့ မောင်းသူမဲ့လေယာဉ် ဖေဖော်ဝါရီ ၃ ရက်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒုက္ခသည်စခန်းအတွင်းနေထိုင်သူများနှင့် စစ်သားများကပြောကြားသည်။ အာဖရိကသမဂ္ဂငြိမ်းချမ်းရေးလိုလားသူအဖွဲ့ဝင်များရောက်ရှိလာခဲ့ပြီး ယင်းလေယာဉ်ပျက်အား ဖယ်ရှားရှင်းလင်းခဲ့ကြောင်း၊ ပျက်ကျသည့် မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်သည် လေယာဉ်ပျံအငယ်စားပုံစံမျိုးရှိသည့် မောင်းသူမဲ့လေယာဉ်ဖြစ်ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။ ပြီးခဲ့သည့်နှစ်က မိုဂါဒစ်ရှူးမြို့အတွင်း ယင်းအမျိုးအစားမောင်းသူမဲ့လေယာဉ်တစ်စင်း ပျက်ကျခဲ့ဖူးသည်။ အမေရိကန်နိုင်ငံသည် အယ်လ်ကေဒါအကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေးနှင့်ထောက်လှမ်းသိရှိနိုင်ရေးတို့တွင် အာဖရိကဦးချိုဒေသ၌ မောင်းသူမဲ့လေယာဉ်များ စေလွှတ်အသုံးပြုလျက်ရှိကြောင်း သတင်းတွင်ဆက်လက်ပါရှိသည်။ **(အင်တာနက်)**

မိုဂါဒစ်ရှူး ဘဒ်ဘာဒိုဒုက္ခသည်စခန်းနယ်မြေအတွင်း ဆိုမာလီစစ်သားများ လုံခြုံရေးကင်းလှည့်နေသည်ကို မြင်တွေ့ရစဉ်။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

လူသားတို့နေထိုင်နိုင်မည့် ဂြိုဟ်သစ်တစ်လုံးတွေ့ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အာကာသအတွင်း လူသားတို့အသက်ရှင်နေထိုင်နိုင်မည့် ဂြိုဟ်သစ်တစ်လုံးကို ကြယ်တာရာတစ်ခု၏ အနီးတွင် ရှာဖွေတွေ့ရှိကြောင်း၊ ယင်းဂြိုဟ်၏မျက်နှာပြင်ပေါ်တွင် ရေကဲ့သို့သောအရာများကို တွေ့ရှိရကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

၎င်းဂြိုဟ်၏မျက်နှာပြင်အပူချိန်သည် အပူလွန်ကဲမှုနှင့် အအေးလွန်ကဲမှုများမရှိကြောင်း၊ မျက်နှာပြင်ပေါ်တွင်တွေ့ရှိရသည့်အရည်များမှာ ရေများဖြစ်၊ မဖြစ် လေ့လာသုတေသနပြုရမည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါဂြိုဟ်ကို နာဆာ၏ဟိုလီဂရေးလ် အာကာသလေ့လာရေးယာဉ်က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းဂြိုဟ်၏ အနီးတွင် ကြယ်တာရာတစ်လုံးလည်းရှိနေကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ စတီဗင်ဗို့က ပြောကြားသည်။

အမည်ပေးထား

ယခုတွေ့ရှိရသောဂြိုဟ်သစ်သည် လူသားနှင့်သက်ရှိသတ္တဝါတို့ အသက် ရှင်နေထိုင်နိုင်မည့် အပူချိန်၊ ရာသီဥတုနှင့် မြေမျက်နှာပြင်အနေအထားတို့ရှိကြောင်း၊ ၎င်းဂြိုဟ်ကို ဂျီဂျေ ၆၆၇ Cc ဟုအမည်ပေးထားကြောင်း၊ ကမ္ဘာဂြိုဟ်မှ အလင်းနှစ် ၂၂ နှစ်ခန့်တွင်တည်ရှိကြောင်း ၎င်းတို့ကပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

ပါကစ္စတန် အနောက်မြောက်ပိုင်းစခန်း အကြမ်းဖက်သမားများ တိုက်ခိုက်ဖျက်ဆီး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၅

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသတွင် တာလီဘန်လိုလားသည့် အကြမ်းဖက်သမားများက တိုက်ခိုက်သဖြင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ပစ်ခတ်တိုက်ခိုက်

ဝေးလံသည့် တောတောင်ထူထပ်သော ကူရပ်ဒေသရှိ ရှီဒါနိုဒန် လုံခြုံမှုစစ်ဆေးရေးစခန်းကို အင်အား ၅၀ ရှိ အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၃ ရက် နံနက်စောစောပိုင်းတွင် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်။

ဖမ်းဆီးခေါ်ဆောင်

ပါကစ္စတန်လုံခြုံမှုစစ်ဆေးရေးစခန်း အတိုက်ခံရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။ ထို့အပြင် အကြမ်းဖက်လက်နက်ကိုင်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦးကို သေနတ်ဖြင့်ချိန်ပြီး ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်တောင်ပိုင်းဝေဟင်၌ လေ့ကျင့်ရေးလေယာဉ်နှစ်စင်းတိုက်မိ

ပေကျင်း ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံတောင်ပိုင်း ပင်တန်စီရင်စု ဝေဟင်၌ လေတပ်လေယာဉ် နှစ်စင်း ဖေဖော်ဝါရီ ၄ ရက်က မတော်တဆတိုက်မှုဖြစ်ပွားခဲ့ကြောင်း တရုတ်အရာရှိများက ဇန်နဝါရီ ၅ ရက်တွင်ပြောကြားသည်။ **(ယာပုံ)**

အေတီ-၃ လေ့ကျင့်ရေးလေယာဉ်တစ်စင်းနှင့် လေတပ်အကယ်ဒမီမှ လေယာဉ်တစ်စင်းတို့တိုက်မှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးနှစ်ဦးစလုံး လေထီးဖြင့်ခုန်ထွက်ခဲ့၍ အနည်းငယ်ဒဏ်ရာရရှိခဲ့သော်လည်း လေယာဉ်နှစ်စင်းလုံးပျက်စီးခဲ့သည်။

လေတပ်အကယ်ဒမီမှ လေ့ကျင့်ရေးလေယာဉ်မှာ အခြေစိုက်စခန်းမှ ပျံတက်ပြီး လေ့ကျင့်ပျံသန်းနေစဉ် အေတီ-၃ လေ့ကျင့်ရေးလေယာဉ်တစ်စင်းနှင့် ဝေဟင်၌တိုက်မိခဲ့ကြခြင်းဖြစ်သည်။

လေယာဉ်မှူးနှစ်ဦးအား ဆေးကုသရန် ဆေးရုံသို့တင်ပို့ထားရသည်။ လေယာဉ်မှူးနှစ်ဦးမှာ တန်ကူဝေနှင့် ချန်ကူချင်းတို့ဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၅-၂-၂၀၁၂

➤➤ တင်မောင်လွင် - စုစည်းသည် ➤➤

ထိုင်းလေကြောင်းလိုင်းခွဲသစ် မကာအိုသို့ပျံသန်းမည်

ထိုင်းအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းမှ လေကြောင်းလိုင်းခွဲအသစ်တစ်ခုသည် ထိုင်းနိုင်ငံ ဗန်ကောက်နှင့် မကာအိုဒေသသို့ လာမည့် ဇွန် ၁ ရက်တွင် ပထမဆုံးအနေဖြင့် စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖေဖော်ဝါရီ ၅ ရက်က သတင်းထုတ်ပြန်သည်။ အဆိုပါ လေကြောင်းလိုင်းသစ်သည် မကာအိုသို့ ပထမဆုံးပျံသန်းမည်ဖြစ်ပြီး နေ့စဉ် လေကြောင်းလိုင်းနှစ်လိုင်း ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။ လေယာဉ်လက်မှတ်များကိုလည်း လာမည့် ဧပြီလမှစ၍ စတင်ရောင်းချသွားနိုင်ရန် စီစဉ်ထားကြောင်း၊ အခြားလေကြောင်းလိုင်းများထက် ခရီးသည်ပိုမိုရရှိလိမ့်မည်ဟု မျှော်မှန်းထားကြောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမှုဆောင် ဒုတိယဥက္ကဋ္ဌ ချိုကာဟေးပန်ယာယွန်က ပြောကြားသည်။

ပြင်သစ်၌ ၂၀၁၁ ခုနှစ်က ကားရောင်းရမှု ပိုမိုနည်းလာ

ပြင်သစ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ဆိုးရွားသည့်စီးပွားရေးဆိုင်ရာ ပြောင်းလဲမှု၊ ဝယ်လိုအားလျော့နည်းမှုနှင့် နိုင်ငံအတွင်းသုံးစွဲသူများအနေဖြင့် ၎င်းတို့၏ ငွေကြေးအသုံးအစွဲလျော့လာမှုတို့ကြောင့် မော်တော်ယာဉ်အသစ်များ ရောင်းအားသည် ၂ ဒသမ ၁ ရာခိုင်နှုန်းအထိကျဆင်းခဲ့ကြောင်း ပြင်သစ်ဗဟို ကားအရောင်းဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၄ ရက်တွင်ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ပြင်သစ်ကားရောင်းချရမှုမှာ ကားအစီးရေ ၂၂၀၄ သန်းရှိခဲ့ပြီး ၂၀၁၀ ခုနှစ်အစောပိုင်းက ကားအစီးရေ ၂၂၅၁ သန်း ရှိခဲ့သည်ဟု အဆိုပါကားထုတ်လုပ်ရေးဌာနက ၎င်း၏လစဉ်ထုတ်ပြန်ချက် တစ်ရပ်တွင် ဖော်ပြသည်။ ပြီးခဲ့သည့်နှစ်က ပြင်သစ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ကားထုတ်လုပ်သည့် Renault ကုမ္ပဏီကရောင်းအား ၉ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး Peugeot Citroen ကုမ္ပဏီက ရောင်းအား ၄ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ပြင်သစ်ကားထုတ်လုပ်ရေးဗဟိုဌာနက ၂၀၁၁ခုနှစ်အတွင်း ၇ ရာခိုင်နှုန်းသာ ရောင်းချခဲ့ရသဖြင့် ကားရောင်းချမှုမှာပို၍နည်းလာသည်ဟုဆိုသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း တိုက်ပွဲဖြစ် အကြမ်းဖက်သမား ၁၃ ဦးအား လုံခြုံရေးတပ်ဖွဲ့ချေမှုန်း

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်ချင်းစပ်နေသည့် ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုများဒေသတွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်တိုက်ခိုက်ရာ၌ အနည်းဆုံးအကြမ်းဖက်သမား ၁၃ ဦးသေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ အိုရာဇိုင်းလူမျိုးစုဒေသ၌ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်အကြမ်းဖက်သမားတစ်စု ဖေဖော်ဝါရီ ၂ ရက်က တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ပွဲဖြစ်ပွားပြီးနောက် အကြမ်းဖက်သမားရှစ်ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိသဖြင့် ဒေသခံဆေးရုံသို့တင်ပို့လိုက်ရသည်။

ကယ်လီဖိုးနီးယားကမ်းခြေ၌ မျောပါလာသည့်ဆေးခြောက်များတွေ့ရှိ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်းကမ်းခြေတွင် ရေနှင့်အတူ မျောပါလာသည့် ဆေးခြောက်အထုပ် ၃၀ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ ဆေးခြောက်ထုပ်များသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန်ဖိုးရှိကြောင်း၊ ယင်းဆေးခြောက်ထုပ်များကို မာရီနာဒယ်ရေးဒေသမှ ခြောက်မိုင်ကျော်ကွာဝေးသည့်နေရာ၌ ဖေဖော်ဝါရီ၁ရက်တွင် လှေသမားတစ်ဦးကဆေးခြောက်များထည့်ထားသည့် အိုးတစ်လုံးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု လော့စ်အိန်ဂျလိစ်စီရင်စုရှိ စုံစမ်းရေးအရာရှိများက ပြောကြားသည်။ (အင်တာနက်)

မဲဇလီရေလွှဲဆည်မှ ရေကိုယူ၍ နွေစပါးပျိုးထောင်ရန် ထွန်ယက်မှု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီတွင် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသောကျောက်စံ-မန်းကျိုး ကျေးရွာချင်းဆက်လမ်း အရှည် ၁မိုင် ၇ဖာလုံအား ကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် မင်းမြေအုပ်စု မင်းမြေကျေးရွာ၌ မဲဇလီရေလွှဲဆည် လက်တံ(၁၅)မြောင်းမှ ရေကိုယူ၍ နွေစပါးစုပေါင်းပျိုးထောင်ရန် ထွန်ယက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ပွင့်ဖြူမြို့နယ်ရှိ သမိုင်းဝင်စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားသို့ရောက်ရှိပြီး ကျောင်းတော်ရာဘုရားအတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်သို့ ကြွလာစဉ် ရင်ငွေ့လှုံထားသောမြတ်စွယ်တော်ပွားနှင့် ကျောင်းတော်ရာဘုရားတို့အား ဖူးမြော်ပြီး ကျောင်းတော်ရာဘုရားအတွင်း ဘက်စုံပြုပြင်မွမ်းမံမှုဆောင်ရွက်နေခြင်းများကို ကြည့်ရှုသည်။

ထို့နောက် ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၏ နှစ်(၃၀)ပြည့် ပုလဲရတုအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပွင့်ဖြူမြို့နယ်မဲဇလီရေလွှဲဆည်၏ ရေသောက်စနစ်များ ခေတ်မီပြန်လည်တည်ဆောက်ရာ၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ချေးငွေဖြင့် ဆည်မြောင်းဦးစီးဌာနက ပြုပြင်ဆောင်ရွက်လျက်ရှိသော မြောင်းလက်တံအမှတ်(၈)သို့ရောက်ရှိပြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအနီး မဲဇလီရေလွှဲဆည် လက်တံ(၁၀)ရေမြောင်းပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အထောက်အကူပြု

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်မှာ ယခုလက်ရှိတွင် မိုးစပါး/နွေစပါး ၇၁၆၇၆ ဧကကို ရေပေးဝေနိုင်လျက်ရှိ၍ ပြုပြင်ပြီးစီးပါက စုစုပေါင်း စိုက်ပျိုးမြေ ၈၆၄၇၆ ဧကကို ရေပေးဝေနိုင်ပြီး တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သဖြင့် ပွင့်ဖြူဒေသ၏ တောင်သူများ၏ စီးပွားရေး၊ လူမှုရေး တိုးတက်လာပြီး ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

လွန်ခဲ့တဲ့ သီတင်းပတ်က ပြင်သစ်ယဉ်ကျေးမှုဝန်ကြီး ဖရက်ဒရစ်မစ်တာရန်းက ဒီဆု ချီးမြှင့်လိုက်တာဖြစ်ပါတယ်။

"ကျွန်မလိုအဆိုတော်တစ်ယောက်ကို ပြင်သစ်နိုင်ငံလို နိုင်ငံကြီးတစ်နိုင်ငံက ဒီလိုယဉ်ကျေးမှုဂုဏ်ပြုဆု ချီးမြှင့်လိုက်တာ ပြောပြလို့ မရလောက်အောင် ဝမ်းသာလှပါတယ်"လို့ သူမက ပြောပါတယ်။

အဆိုတော် ရှာကီရာကို ကိန်း(စ်)မြို့မှာ ကျင်းပတဲ့ NRJ Music Awards ဂီတ ဆုပေးပွဲမှာ ဒီဆုချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ သူမဟာ ဒီဆုပေးပွဲမှာ Je L'Aime A Mourir လို့အမည်ရတဲ့ ဟစ်သီချင်းနဲ့ ဖျော်ဖြေခဲ့ပါတယ်။

Chevalier, De L'orderdes Arts of des letters လို့ အမည်ပေးထားတဲ့ ဒီပြင်သစ်ယဉ်ကျေးမှုဆုကို အရင်တုန်းက ကဗျာဆရာ တီအက်စ်အီလီယ့်(TSEliot)၊ဒါရိုက်တာ အီစ်ဝုဒ်(Eastwood)နဲ့ ရုပ်ရှင်မင်းသား ဂျော့ကလွန်နေး(George Clooney)တို့ပဲ ရရှိခဲ့ဖူးကြပါတယ်။

အဆိုတော်ရှာကီရာဟာ ဒီယဉ်ကျေးမှုဆုအပြင်NRJ တေးဂီတဆုကိုလည်း ဆွတ်ခူးရရှိခဲ့ပါတယ်။ ကနေဒါအဆိုတော် ဂျပ်စတင်ဘီဘာကတော့ NRJ တေးဂီတ ထူးချွန်ဆု ဆွတ်ခူးသွားခဲ့ပါတယ်။

ဗြိတိသျှအဆိုတော် အဒေလီကတော့ ဒီ NRJ ဆုပေးပွဲမှာ လျှို့ဝှက်ချက်ကို ဖော်ထုတ်သီဆိုတဲ့ တစ်နှစ်တာအောင်မြင်မှုအရှိဆုံး နိုင်ငံတကာဂီတဆု (International Revelation of the Year)နဲ့ Someone like you သီချင်းနဲ့ တစ်နှစ်တာ အကောင်းဆုံးသီချင်းဆု (International Song of the Year)နှစ်ဆု ဆွတ်ခူးသွားပါတယ်။ အဆိုတော် ရီဟန်နားကတော့ အကောင်းဆုံး အမျိုးသမီး နိုင်ငံတကာဂီတဆု (Best International Female) ကို ဆွတ်ခူးခဲ့ပါတယ်။

(အင်တာနက်)

■ ကျောဖုံးမှ

ထို့အပြင် လူသားတစ်ဦးကဲ့သို့ တွေးခေါ်စဉ်းစားနိုင်သည့် အနေအထားမျိုးဖြစ်စေရန်လည်း နည်းပညာများထည့်သွင်းထားသည်။ ကွန်ပျူတာ၊ ဆဲလ်ဖုန်းနှင့်အခြားနည်းပညာသုံးပစ္စည်းများကိုလည်း ကိုင်တွယ် အသုံးပြုနိုင်သည့် စက်ရုပ်ဖြစ်သည်။

၎င်းစက်ရုပ်များကို လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် လူသားတစ်ဦးကဲ့သို့အသုံးပြုနိုင်ရန် ထုတ်လုပ်ခြင်းဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတက္ကသိုလ်မှ ပါမောက္ခ မာဂျာမာထရစ်က ပြောကြားသည်။ မိမိတို့သည် ယင်းစက်ရုပ်အား ပိုမိုစွမ်းဆောင်ရည်မြင့်မားစေရန် အရေးပါသည့် နည်းပညာနှင့် နည်းစနစ်များ ထည့်သွင်းရန် စီစဉ်နေကြောင်း ၎င်းက ပြောကြားသည်။

အားကိုးအားထားပြု

ယင်းစက်ရုပ်သည် ကလေးငယ်များ ပြုစုစောင့်ရှောက်ရေးနှင့် လေဖြတ်ဝေဒနာရှင်များ၊ သက်ကြီးရွယ်အိုများကို ကျွမ်းကျင်သော သူနာပြုတစ်ဦးကဲ့သို့လည်းကောင်း အားကိုးအားထားပြု၍ အသုံးပြုနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၃ ရက်က သဃ်ာန်းကျွန်းမြို့နယ် အမှတ် (၁၁) အခြေခံပညာ မူလတန်းကျောင်း မိကျောင်းကန် အပိုင်း (၃) ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပထမဆုရ မောင်ဆက်ပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိမော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့အလင်း | ပြည်တွင်း လူမှုစီးပွားသတင်း ပြည်တွင်း လူမှုစီးပွားသတင်း

စပ်မီတာများအား ကိုယ်ပိုင်မီတာပြောင်းလဲတပ်ဆင်ရမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ နေထိုင်သူအခန်းရှင်များအားလုံး ကိုယ်ပိုင်မီတာ တပ်ဆင်ကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

"စပ်မီတာတွေ တပ်ထားကြပြီး ခဏခဏပြဿနာတက်ကြတယ်။ မီတာဆိုတာက အိမ်တစ်လုံးကို တစ်ခုပေးထားတယ်။ နောက်ပိုင်းမှာ ကန်ထရိုက်တိုက်တွေဆောက်ပြီး အခန်းတစ်ခန်း မီတာတစ်ခုပေးရမယ့်အစား စပ်မီတာဆိုတဲ့ မီတာအခွဲတွေတပ်ပေးပြီး နဂိုကလျှပ်စစ်ရုံးက ချပေးထားတဲ့ မီတာဘောက်စ်ထဲကို ပြန်ထည့်ထားတယ်။ စပ်မီတာတွေက များသောအားဖြင့် မမှန်တတ်ဘူး။ နည်းချင်ရင်နည်းထားလို့ရတယ်။ ဒါကြောင့် တချို့က စပ်မီတာမှာနည်းပြီး မီတာအစစ်မှာကျတော့ များနေတာမျိုးတွေ ရှိတယ်။ဒါကြောင့် ရန်ကုန်မြို့က မြို့နယ်အားလုံးမှာ အခန်းတိုင်း အခန်းတိုင်း ကိုယ်ပိုင် မီတာသာ တပ်ကြရမယ်" ဟု တာဝန်ရှိသူက ပြောကြားသည်။

စပ်မီတာများ တပ်ဆင်ထားကြခြင်းမှာ ရန်ကုန်ကန်ထရိုက်တိုက် အများစုတွင် ဖြစ်ပြီး ကိုယ်ပိုင်မီတာ လျှောက်ထားလိုသူမှာ အနည်းစုသာရှိကြောင်း၊ စပ်မီတာဖြင့်သာ ဆက်လက်သုံးစွဲကြသူများပြားကြောင်း သိရှိရသည်။

"အခုတာဝန်ရှိသူတွေက လိုက်ပြီး အကြောင်းကြားပေးတယ်။ မီတာဘောက်စ်တွေ ကိုယ်ပိုင်တပ်ကြရမယ်တဲ့။ ဒါပေမယ့် မီတာတပ်ဖို့အတွက် အထပ်မြင့်တွေဆိုရင် ကြိုးတွေလိုတယ်။ ကြိုးဖိုးပဲ ငါးသောင်းကနေ ရှစ်သောင်းလောက်အထိ ကုန်ကျမယ်။ နောက်ပြီး မီတာဘောက်စ်နဲ့ တခြားတပ်ဆင်ခတွေဘာတွေ ပေါင်းလိုက်မယ်ဆိုရင် တစ်သိန်းခွဲ လောက်ကတော့ကုန်မှာပဲ။ အဲဒီအတွက် အများစုက မေ့ပြီး စပ်မီတာတွေပဲ သုံးကြတာ"ဟု မီတာ အသစ်တပ်ဆင်ပြီးသူတစ်ဦးက သူ့ကုန်ကျစရိတ်အား တွက်ချက်ပြသည်။ "အခုနောက်ပိုင်းဆောက်တဲ့ ကန်ထရိုက်တိုက်တွေမှာ ကိုယ်ပိုင်မီတာတွေ အများစု တပ်ဆင်ပြီးသားကို တွေ့ရပါတယ်။ ဒါကလည်း ကန်ထရိုက်တာနဲ့ အခန်းပိုင်ရှင်တို့စာချုပ်မှာကတည်းက ကိုယ်ပိုင်မီတာ တပ်ဆင်ခပါ ထည့်သွင်းထားကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုစီမံချက်ကာလ အစပေါ့။ လိုက်ပြီး သတိပေးနေတယ်။ စပ်မီတာတွေက ဌာနက တရားဝင်ချပေးထားတာမဟုတ်လို့ အရေးယူမယ်ဆိုရင် ယူလို့ရပါတယ်။ ဒါကြောင့် အားလုံး ကိုယ်ပိုင်မီတာလျှောက်ထားသင့်တယ် " ဟု တာဝန်ရှိသူက ရှင်းပြသည်။

(ခင်ရတနာ)

သင်ခန်းစာယူရမည့် ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခု

သံဖြူဇရပ် ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ကဒတ်စံပြကျေးရွာ၌ ဇန်နဝါရီ ၁၆ ရက်က လက်စွပ်တစ်ကွင်း အိမ်သာကျင်းထဲကျသွားရာ ယင်းလက်စွပ်ပြန်ရရေးအတွက် အိမ်သာကျင်းထဲသို့ အက်စစ်သုံးပုလင်းလောင်းထည့်၍ ဆင်းရှာဖွေရာမှ လူသုံးဦးမှာ တစ်ဦးပြီးတစ်ဦး သေဆုံးသွားခဲ့ကြောင်း၊ ကျန်တစ်ဦးကို ဆေးရုံသို့ အချိန်မီ ပို့ဆောင်ပေးခဲ့ရကြောင်း သတင်းတစ်ပုဒ် ဖတ်ရှုလိုက်ရသည်။

လက်စွပ်တစ်ကွင်း ပြန်ရရေးအတွက် လူသုံးဦး၏ အသက်ကို ပေးဆပ်လိုက်ရသည့် ဤဖြစ်ရပ်မှာ သင်ခန်းစာယူရမည့် ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်ဟုဆိုရပါမည်။

မွန်ပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံး၏ ရော်ဘာကို အဓိကအားထားစိုက်ပျိုးရာ ပြည်နယ်ဖြစ်သည်။ ယင်းအနက် မုဒုံ၊ ရေးနှင့် သံဖြူဇရပ် မြို့နယ်တို့တွင် ရော်ဘာအများဆုံး စိုက်ပျိုးသည်။ ရော်ဘာအစေး (အရည်)ကို အချိန်အနည်းငယ်အတွင်း ခဲစေရန်နှင့်အနံ့ဆိုးများပျောက်စေရန် ဓာတုပစ္စည်း တစ်မျိုးဖြစ်သည့် အက်စစ် (မိမိတို့ဒေသအခေါ် လောင်မီး)ကို လုပ်ငန်းသုံးပစ္စည်းအဖြစ် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာ ကျေးရွာတိုင်းရှိ နေအိမ်တိုင်းတွင်ထားရှိအသုံးပြုခဲ့ကြသည်။

အက်စစ် (လောင်မီး)ကို ချိန်ဆအသုံးပြုရသည်။ အနံ့ဆိုးရှိသည့် နေရာများ၌အက်ဆစ်ကို အသင့်အတင့်ပက်ဖျန်းပေးလိုက်ရုံဖြင့် ယင်းအနံ့ဆိုးများ ခေတ္တပျက်ပြယ်သွားစေသော အာနိသင်ရှိသည့် အန္တရာယ်ရှိဓာတုပစ္စည်းတစ်မျိုးဖြစ်သည်။

အက်စစ်ကို အကျိုးရှိစွာ အသုံးပြုတတ်ဖို့လိုပါသည်။ လက်ဖြင့် ထိမိသောက်သုံးရှူရှိုက်မိပါက မူးဝေအော့အန်ကာ အသက်အန္တရာယ်ကိုပင် ထိပါးစေသည်သာမက စားသုံးသီးနှံပင်များ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များပါမကျန် ဆွေးမြည့်ပျက်စီးစေသည်။

အက်စစ်(လောင်မီး) အသုံးပြုမှု၏ အကျိုး၊ အပြစ်၊ အသုံးပြုပုံ၊ အသုံးပြုနည်းတို့ကို အသုံးပြုသူတိုင်း သာမက ကျေးရွာရှိ လူကြီး၊ လူငယ်တိုင်း သိထားသင့်သည်ဟု ဤဖြစ်ရပ်အရ သင်ခန်းစာ ဖော်ထုတ်နိုင်ပါသည်။ *(ကိုချစ်)*

လူသွားစင်္ကြံပေါ် စိုက်ထူထားသော ကြော်ငြာဘုတ်များ သက်တမ်းကုန်ပါက ဆက်လက်ကြော်ငြာခွင့် ရုပ်သိမ်းတော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

အများပြည်သူတို့ သွားလာနေသည့် လူသွားစင်္ကြံများတွင် စိုက်ထူထားသော ကြော်ငြာဘုတ်များအား ခွင့်ပြုသက်တမ်းကုန်ဆုံးပြီးပါက ဆက်လက်ကြော်ငြာခွင့်ပြုတော့မည်မဟုတ်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဒီဆိုင်းဘုတ်တွေက လူသွားလမ်းမှာ စိုက်ထူထားတာကြောင့် လမ်းသွားလမ်းလာ အများပြည်သူတွေအတွက် အနှောင့်အယှက်တွေ ဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် ကြော်ငြာဘုတ်တွေက တညီတညာတည်းမရှိဘဲ ပုံစံအမျိုးမျိုးနဲ့မို့ မြို့တော်ရဲ့ အလှကို ပျက်စေပါတယ်။ ကြည့်ရတာလည်း မျက်စိပသာဒ မရှိတဲ့အတွက် ရုပ်သိမ်းသွားတော့မှာပါ"ဟု ၎င်းကဆိုသည်။

အကယ်၍ စီးပွားရေးသမားများအနေဖြင့် ကြော်ငြာလိုပါက LED မီးဆိုင်းဘုတ်နှင့် နံရံကပ်ကြော်ငြာများကိုသာ ခွင့်ပြုသွားမှာဖြစ်ကြောင်း သိရသည်။

သက်ထက်ကို(ဘော်ဂါမြေ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	**ဩဝါဒပါတိမောက်** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၆း၂၅	အလောင်းတော်ကဿပ လိုဏ်ဂူတော်
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၉)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၆၂)
၁၁း၃၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဇကရီ** (အပိုင်း-၉)
၂း၂၀	ဒါရိုက်တာကြည်စိုးထွန်း၏ ရုပ်ရှင်ထူးချွန်ဆုခန့်မှန်းချက် (အပိုင်း-၂)
၆း၀၀	MRTV -4 သတင်း
၆း၁၅	၂၀၁၀ ခုနှစ် အကယ်ဒမီအကြိုရင်ခုန်သံများ (ပရိသတ်များ)
၇း၁၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၁၀)
၉း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ ပန်းသုံးပွင့်လေညွှန်ရာ (အပိုင်း-၆၃)
၁၀း၄၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဇကရီ** (အပိုင်း-၁၀)
၁၁း၃၅	အနာကြီးရောဂါအကြောင်း သိကောင်းစရာ
၁၂း၂၅	**မေတ္တာရေအမြင့်တင့်လေသည့်ရွှေကြာ** ထွန်းထွန်း(Examplez)၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်၊ တက္ကသိုလ်ဝွမ်းပုံ၊ အေးအေးခိုင်၊ အေးသီတာ
၄း၄၅	စွယ်တော်လေးဆူဆုပန်ယူ

FA Cup Round -1 ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Liverpool-Spurs	(ESPN) (MRTV-4)

နယူးကာဆယ်တို့အိမ်ကွင်း၌ ဆစ်ဆေး၏ သွင်းဂိုးဖြင့် နိုင်ပွဲရ

လန်ဒန် ဖေဖော်ဝါရီ ၅

ပရီမီယာလိဂ်ပွဲစဉ် (၂၄)ကို ဖေဖော်ဝါရီ ၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်နှင့် ဗီလာတို့ပွဲတွင် နယူးကာဆယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင်နယူးကာဆယ်တို့က ဘက်၊ ဒမ်ဘာဘာ၊ ဂူတီရာရက်ဇ်နှင့် တေလာတို့ အဓိကကစားသမားအဖြစ်ပွဲထွက်လာပြီး အဖွင့်ဂိုးစောစီးစွာသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ မိနစ် ၃၀ တွင် ဒမ်ဘာဘာက ဗီလာဂိုးသမား၏ ဝဲဘက်ထောင့်ကို အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။

(ချေပဂိုးရရှိ)

ဗီလာအသင်းကလည်း ရော်ဘီကိန်း၊ ဘင့်၊ ပီထရော့တို့ အားကိုးဖြင့် နယူးကာဆယ်အသင်းဘက်သို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပထမပိုင်းပွဲချိန် ၄၅ မိနစ်၌ ရော်ဘီကိန်းက နယူးကာဆယ်ဂိုးပေါက်နှင့် ခြောက်ကိုက်အကွာမှ ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းပွဲချိန်၌ နယူးကာဆယ်တို့ ဦးဆောင်ဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၇၁မိနစ်၌ ဆစ်ဆေးက ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် နယူးကာဆယ်တို့ နှစ်ဂိုးရရှိခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံ မသွင်းနိုင်ခဲ့သဖြင့် နယူးကာဆယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

❍ ကျောဖုံးမှ

ပြစ်ဒဏ်ဘောမှတစ်ဆင့် မာတာကန် တင်ပေးလိုက်သည့်ဘောလုံးကို ဒေးဗစ် လုဇ်ခေါင်းတိုက်သွင်းခဲ့ရာ မန်ယူနောက်ခံလူ ဖာဒီနန်နှင့်ထိပြီး ဂိုးဝင်သွားခဲ့သဖြင့် ချယ်လ်ဆီးတို့ တတိယဂိုး ရရှိခဲ့ပြန်သည်။

သို့သော် ပွဲချိန် ၅၇ မိနစ်၌ အီဗရာ ဘောလုံးဆွဲယူလာသည်ကို ချယ်လ်ဆီး နောက်ခံလူ အဝင်ကြမ်းသဖြင့် ပယ်နယ်တီရရှိရာ ရွန်နေကန်သွင်းယူသဖြင့် မန်ယူတို့ ချေပဂိုးစတင်ရရှိခဲ့သည်။

(တစ်မှတ်ရရှိ)

မန်ယူတို့ ချေပဂိုးများရရှိရေး ကြိုးစားခဲ့ရာ ၆၉ မိနစ်၌ ပယ်နယ်တီမှ တစ်ဆင့် ရွန်နေကန်သွင်းယူခဲ့သဖြင့် ဒုတိယချေပဂိုး ရရှိခဲ့သည်။ တစ်ဖန် ၈၃ မိနစ်တွင် ဂစ်ကန်တင်ဘောမှတစ်ဆင့် ဟာနန်ဒက်ဇ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ချေပဂိုးရရှိခဲ့ပြန်သည်။ မန်ယူတို့ ချေပဂိုးသုံးဂိုး နောက်မှလိုက်သွင်းနိုင်ခဲ့ရာ ပွဲချိန်ပြည့်သည်အထိ သရေပွဲဖြစ်ခဲ့ပြီး တစ်မှတ် ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မိတ္ထီလာမြို့တွင် စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးဆောင်၍ စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲကို မိတ္ထီလာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီတွင် ကျင်းပရာ စာရေးဆရာများဖြစ်ကြသော မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မြင်းမူမောင်နိုင်မိုး၊ ရဲသျှမ်းနှင့် ကာတွန်းဝင်းအောင်တို့က စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရောဝတီတံတား (စင်းခန်း) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ရွှေကူမြို့နယ်တို့မှ ဒေသခံပြည်သူများ၊ ဇေယျာဦးမင်္ဂလာစည်တော်အဖွဲ့၊ စစ်ကိုင်း မိုးဇာပြောအဖွဲ့၊ ဘင်ခရာပန်းဖွားအဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ရောဝတီတံတား (စင်းခန်း)သည် မြစ်ကြီးရောဝတီကို ဖြတ်ကျော်တည်ဆောက်ထားသော (၁၁)စင်းမြောက် တံတားကြီးဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်တွင်းပညာရှင်များ ဦးစီးတည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ပါကြောင်း။

ရောဝတီမြစ်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလယ်ကိုထက်ခြမ်းခွဲပြီး မြောက်ပိုင်းမှ တောင်ပိုင်းထိ ဖြတ်သန်းစီးဆင်းနေသည့် မြစ်ကြီးဖြစ်ပြီး ရှေးပဝေသဏီကာလ ခေတ်အဆက်ဆက်ကတည်းက မြန်မာနိုင်ငံ၏ ပြည်သူများ အဓိကအားထားရာ ရေလမ်းကြောင်းပို့ဆောင်ရေးလမ်းမကြီး ဖြစ်ပါကြောင်း၊ သို့ရာတွင် ရောဝတီမြစ်ကြီးကြောင့် မြစ်၏ အရှေ့နှင့် အနောက်ဒေသနေပြည်သူများ လူမှုရေးကူးလူးဆက်ဆံမှုများမှာရော စီးပွားရေးဆက်သွယ်မှုများမှာပါ အရှေ့ခြမ်းနှင့် အနောက်ခြမ်းဖြစ်အောင် ပိုင်းခြားထားသကဲ့သို့ဖြစ်သည့်အတွက် နီးလျက်နှင့်ဝေးနေကြရသူများဖြစ်နေပြီး ယင်းအဖြစ်မှ ကျော်လွှားနိုင်အောင် နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် တံတားကြီးကို တည်ဆောက်ပေးထားခြင်းဖြစ်ပါကြောင်း။

ပို့မို့လွယ်ကူမြန်ဆန်

ဤတံတားကြီးသည် ပင်မတံတားအရှည် ၃၂၁၅ ပေ၊ ကားလမ်းနှင့် ရထားလမ်း နှစ်မျိုးစလုံးပါဝင်သော တံတားအမျိုးအစားဖြစ်သည့်အတွက် ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အဓိကအားထားနေရသော ဒေသခံပြည်သူများအနေဖြင့် သွားရေးလာရေးပို့ဆောင်ဆက်သွယ်ရေး ပိုမိုလွယ်ကူမြန်ဆန်လာမည်ဖြစ်ပါကြောင်း။

တံတားကြီး၏ တည်နေရာမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများ ဆုံတွေ့ကြရာဒေသတွင် တည်ဆောက်ပေး ထားခြင်းဖြစ်သည့်အတွက် ဗန်းမော်ခရိုင်အတွင်းသာမက မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်း၊ အရှေ့နှင့် အနောက်တို့မှ ခရီးသွားများနှင့် ကုန်စည်များသည် တစ်နိုင်ငံလုံး ဖြန့်ကြက်ထားသော ကားလမ်း၊ ရထားလမ်းကွန်ရက်များမှတစ်ဆင့် တစ်ပြည်လုံးကို စရိတ်သက်သက်သာသာ လျင်မြန်စွာဖြင့် ပို့ဆောင်ပေးနိုင်တော့မည် ဖြစ်ပါကြောင်း။

ထို့အပြင် အရှေ့ဘက်အိမ်နီးချင်းနိုင်ငံကြီးကို နယ်စပ်ဒေသ ဝင်ပေါက်ထွက်ပေါက်များနှင့် နီးနီးကပ်ကပ်တည်ရှိနေသည့်အတွက် ယင်းနိုင်ငံကြီးနှင့် ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှု၊ ခရီးသွားများ ဝင်ထွက်လည်ပတ်မှုများကို များစွာအထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်၊ တောင့်တင်းခိုင်မာသော နိုင်ငံ အခြေခံအဆောက်အအုံနှင့်(Infrastructure)များ လိုအပ်ပါကြောင်း၊ ခေတ်မီရေလမ်း၊ ကုန်းလမ်းနှင့်လေကြောင်းပို့ဆောင်ရေး၊ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာ၊ သွက်လက်သောငွေရေးကြေးရေး အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးအလုံအလောက်ရရှိမှု၊ ခြစားမှုကင်းရှင်းတဲ့ ရုံးပိုင်းဆိုင်ရာ ယန္တရားလည်ပတ်မှု၊ မျှတသည့် ပြည်တွင်း/ပြည်ပ နိုင်ငံရေးအခြေအနေ၊ တည်ငြိမ်အေးချမ်းမှုနှင့် အရည်အသွေးပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက်ရရှိရေးစသည်တို့ ပါဝင်ကြပါကြောင်း၊

အထောက်အကူပြု

ယခုဖွင့်လှစ်သည့် ရောဝတီတံတား (စင်းခန်း) မြစ်ကူးတံတားကြီးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသော အခြေခံအဆောက်အအုံ အမြောက်အမြားထဲမှ အရေးကြီးသည့်တစ်ခု ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြစ်သည့်အတွက် အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသွားစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် ရေခြား မြေခြား ဖြစ်နေကြသော ပြည်နယ်/ပြည်မနေ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများအားလုံးအတွက် ဤတံတားဖွင့်လှစ်ပေးမှုကြောင့် ဝင်ထွက်သွားလာမှု များလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး ပိုမိုယုံကြည်ချစ်ခင်ရင်းနှီးလာကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း တစ်နည်းတစ်ဖုံ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ပြည်သူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဤအချိန်ဤအခါတွင် လိုအပ်လှသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတွက် နိုင်ငံတော်အစိုးရအကြီးအကဲအနေဖြင့် ပြည်တွင်းပြည်ပပုဂ္ဂိုလ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးပြီး ခေတ်နှင့်လိုက်လျောညီထွေမှု မရှိတော့သည့် အကန့်အသတ်များကို ဖြေလျှော့ပေးခြင်း၊ မတူညီသည်များဘေးဖယ်၊ တူညီသည်ကို ဦးစွာပူးပေါင်းဆောင်ရွက်သွားရန်ဆန္ဒပြုခြင်း၊ စီးပွားရေးဆိုင်ရာ ကန့်သတ်ချက်များ ဖယ်ရှားဖြေလျှော့ပေးခြင်း၊ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအကောင်အထည်ဖော်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း စသည်တို့ကို မှန်မှန်နှင့်ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ပြည်သူလူထု လူတန်းစားအသီးသီး၏ လူမှုဘဝဖွံ့ဖြိုးစေရေးဆောင်ရွက်ချက်အစိတ်အပိုင်းတစ်ခုဖြစ်စေမည့် ရောဝတီတံတား(စင်းခန်း)မြစ်ကူးတံတားကြီး ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ဒေသအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ လူမှုဘဝအဆင့်အတန်းကို တိုးတက်မြင့်မားလာစေမည်ဖြစ်သည့်အပြင် ပြည်နယ်ပြည်မအကြား ဖွံ့ဖြိုးတိုးတက်မှု ဆူကြံ့နိမ့်မြင့်ကွာဟချက်များလည်း နည်းပါးသွားစေမည်ဖြစ်ပြီး လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများလည်း အဘက်ဘက်မှ အထိုက်အလျောက် လိုက်ပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးဖြစ်ထွန်းစေမည့် ရောဝတီတံတား (စင်းခန်း)မြစ်ကူးတံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့် နိုင်ငံတော်၏ စေတနာကို လေးစားတန်ဖိုးထားတုံ့ပြန်သည့်အနေဖြင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ဤဒေသမှာ ရာသက်ပန်နေထိုင်သွားကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ကြပါစေ၊ ဤဒေသ၏ သဘာဝထာဝရအလှများစွာတို့နှင့်အတူ ထာဝရငြိမ်းချမ်းရေးလည်း အမြန်ပေါ်ထွန်းလာပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တံတားကြီးကို ရထားလမ်းပါ ပူးတွဲဆောက်လုပ်ပေးသည့်အတွက် ကချင်ပြည်နယ် ဗန်းမော်မြို့မှတစ်ဆင့် ကသာ-စစ်ကိုင်း-မန္တလေးမြို့သို့ ၃၂၂ မိုင်၊ ဗန်းမော်မြို့မှ နေပြည်တော်သို့ ၄၇၇ ဒသမ ၅ မိုင်၊ ဗန်းမော်မြို့မှ ရန်ကုန်မြို့သို့ ၇၀၇ ဒသမ ၅ မိုင်တို့ကို မီးရထားဖြင့် သွားလာနိုင်တော့မည်ဖြစ်သည့်အပြင် တည်ဆောက်ဆဲဖြစ်သော မြစ်ကြီးနား-ဗန်းမော်-လားရှိုး မီးရထားလမ်းပြီးစီးပါက ကချင်ပြည်နယ်မှ ရှမ်းပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရထားလမ်းကွန်ရက်ဖြင့် ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ဤတံတားကြီးတွင် ကားလမ်းနှင့်ရထားလမ်းပူးတွဲပါဝင်ပြီး ရထားလမ်းပိုင်းအနေဖြင့် ကသာ-ဗန်းမော်လမ်းပိုင်း ၉၃ မိုင် ၅ ဖာလုံကို ဖောက်လုပ်လျက်ရှိကာ များမကြာမီအချိန်တွင် ကသာမှ ဗန်းမော်သို့ ရထားဖြင့်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကသာမှမိုးတားကြီးအထိ ရထားလမ်း ၁၆ မိုင် ၄ ဖာလုံအပိုင်းကို ဖွင့်လှစ်ပြေးဆွဲလျက်ရှိပြီး မိုးတားကြီးမှ ကျောက်ကြီးအထိ မိုင် ၂၀ ၃ ဖာလုံအား မကြာမီဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နီးလျက်နှင့်ဝေး

ယခင်က ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူများသည် ရောဝတီမြစ်ကြီး တားဆီးနေသည့်အတွက် နီးလျက်နှင့်ဝေးနေခဲ့ရပါကြောင်း၊ ဒေသထွက်ကုန်များကိုလည်း ရောင်းဝယ်ဖောက်ကားမှုမပြုလုပ်နိုင်ဘဲ နယ်မြေဖွံ့ဖြိုးမှု နည်းပါးခဲ့ပါကြောင်း။

တံတားတည်ဆောက်ရေးစီမံကိန်းကို ၁၅-၆-၂၀၀၉ ရက်တွင် အရှိန်အဟုန်ဖြင့် တစ်ပြိုင်တည်း စတင်ဆောင်ရွက်ခဲ့ပြီး တံတားကြီးတစ်စင်းလုံးကို တည်ဆောက်ချိန်(၂)နှစ် (၇)လဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ တံတားကြီးသည် ရောဝတီမြစ်ကြီးပေါ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် (၁၂) စင်းမြောက် တံတားဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် (၁၁) စင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်း ဖြစ်ပါကြောင်း။

တံတားကြီး၏ ထူးခြားချက်မှာ သံမဏိသံပေါင်များကို ပြည်ပမှဝယ်ယူခြင်း မဟုတ်ဘဲ ပြည်တွင်းရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)ပိုင်စက်ရုံမှ အတတ်ပညာရှင်များဖြင့်ထုတ်လုပ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ တံတားကြီးတစ်စင်းလုံးကို ပြည်တွင်းတွင် ထုတ်လုပ်သောပစ္စည်းများဖြင့်တည်ဆောက်ခဲ့ရာ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်၍ အထူးပင်ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

တည်ဆောက်ဆဲတံတားများ

ကချင်ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ယနေ့အထိ ဤစင်းခန်း တံတားကြီးအပါအဝင် ပေ ၁၈၀ အထက်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ရောဝတီတံတား (စင်းခန်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

6-2 (06).pmd 1 2/6/2012, 3:18 AM

စာမျက်နှာ ၆ မှ

တံတားကြီး ၂၂ စင်း ထပ်မံတည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ဆဲ ပေ ၁၈၀ အထက်တံတားများအနေဖြင့် ပေ ၅၇၀ ရှိ မူလာရှိုးဒီးတံတား၊ ပေ ၅၄၀ ရှိ ရပ်ဘော့တံတားနှင့် ပေ ၂၂၀ ရှိ တဆိတ်တံတားတို့ကို တည်ဆောက်လျက်ရှိပြီး ပေ ၈၄၀ ရှိ တဝမ်တံတား၊ ပေ ၇၂၀ ရှိ မချမ်းဘော့တံတားနှင့် ပေ ၂၂၀ ရှိ မိုးဆစ်တံတားတို့ကိုလည်း တည်ဆောက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက ကချင်ပြည်နယ်၏ ရေမြေသဘာဝအခြေအနေသည် တောတောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်းနှင့် မြေပြန့်များ ပေါများသည့်အတွက် ဒေသဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးရေးသည် အရေးကြီးဆုံးကဏ္ဍဖြစ်ခဲ့ပါကြောင်း။

ဝေးလံခေါင်သီသကဲ့သို့ဖြစ်နေသော နိုင်ငံတော်၏ မြောက်ဖျားဒေသများသည် အဓိကဆက်သွယ်ရေးလမ်းမကြီးများနှင့် တိုက်ရိုက်ထိတွေ့ဆက်စပ်ခြင်းမရှိဘဲ အလှမ်းဝေးသောဒေသများ၊ ချောင်ကျသောဒေသများအဖြစ် နှစ်ကာလရှည်ကြာစွာ ဖြစ်တည်ခဲ့ရသည့်အတွက် ကားလမ်းနှင့် ရထားလမ်းများဖောက်လုပ်ရန် မစဉ်းစားခဲ့သည့်နေရာ

ပေးအပ်လှူဒါန်း

ရွှေသံလွင်ကုမ္ပဏီလီမိတက်က ရောဝတီတံတား(စင်းခန်း)ကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအတွက် Sky Net ရုပ်သံဖမ်းစက် ၁၆ စုံကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မျိုးအား နိုင်ငံတော်က အခက်အခဲအမျိုးမျိုးနှင့် စရိတ်အကုန်အကျခံကာ တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့်အတွက် သမိုင်းတွင်ရစ်မည့် တံတားတစ်စင်း ပေါ်ထွန်းလာခြင်း ဖြစ်ပါကြောင်း။

ဤစီမံကိန်းကြီး အောင်မြင်စွာဆောင်ရွက်ပြီး၍ ရရှိလာမည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားနိုင်ရန်အတွက် အဓိကအခြေခံလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်မှုပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ကျေးဇူးကို ပြန်လည်ပေးဆပ်သောအားဖြင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ်အစိုးရနှင့် ဒေသခံတိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်းချစ်ခင်စည်းလုံးကြပါ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူဦးထွန်းဝေက ကားရော ရထားပါသွားလာနိုင်သည့် စင်းခန်းတံတားကြီး တည်ဆောက်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တံတားဖွင့်ပွဲအခမ်းအနားကို ဗန်းမော်ဘက်ကမ်းရှိ မင်္ဂလာမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံတို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့်ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တံတားကြီး၏ဗန်းမော်ဘက်ကမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များကလည်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တံတားကြီးကို ဖြတ်သန်းကြည့်ရှုကြပြီး ကသာဘက်ကမ်းရှိ မင်္ဂလာမုခ်ဦးသို့ရောက်ရှိကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ တံတားဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ကသာဘက်ကမ်းရှိ တံတားမော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များကလည်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရောဝတီတံတား (စင်းခန်း)၏ ဗန်းမော်ဘက်ကမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတသည် တံတားချဉ်းကပ်လမ်းများ ဖောက်လုပ်ထားမှုကို လှည့်လည်ကြည့်ရှုပြီး တံတားစီမံကိန်းရှုရပ်မှနေ၍ တံတားကြီးကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီလီမိတက်က တံတားကြီးကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၂)မှ အင်ဂျင်နီယာများနှင့်ဝန်ထမ်းများအတွက် Sky Net ရုပ်သံဖမ်းစက် ၁၆ စုံကို ပေးအပ်လှူဒါန်းသည်။

ရောဝတီတံတား(စင်းခန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တံတားကြီးမှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တို့ကို စင်းခန်းကျေးရွာအနီး ရောဝတီမြစ်ကို ဖြတ်ကျော်၍ ဆက်သွယ်ပေးထားသည့် ကားရောရထားပါ သွားလာနိုင် သော တံတားကြီးဖြစ်သည်။

တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်၊ ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

ပင်မတံတားအရှည်မှာ ၃၂၁၅ ပေရှိပြီး ချဉ်းကပ်တံတားအရှည် စုစုပေါင်း ၁၄၁၅ ပေရှိကာ ကားတံတားအရှည် စုစုပေါင်းပေ ၄၆၃၀ ရှိသည်။ ချဉ်းကပ်ရထားတံတား အရှည်မှာ စုစုပေါင်း ၂၂၉၅ ပေရှိပြီး ပင်မတံတားအပါအဝင် စုစုပေါင်း ရထားတံတား အရှည်ပေ ၅၅၀၀ ရှိသည်။ တံတားပေါ်တွင် အကျယ် ၂၈ ပေရှိ နှစ်လမ်းမောင်း ကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းများပါရှိသည်။ ယာဉ်တစ်စီးခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေ ဖြစ်သည်။

တံတားကြီးတည်ဆောက်ပြီးစီးသွားပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်တို့မှ ဒေသခံပြည်သူများအကြား သွားလာဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုကို သွက်လက်မြန်ဆန်စေမည်ဖြစ်ပြီး တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ခိုင်မာလာစေတော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း နှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ တို့ ဗန်းမော် ဘက်ကမ်း၌ ရောဝတီ တံတား (စင်းခန်း) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)
၆-၂-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၈:၂၅ ၃။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၄။ International News
၈:၄၅ ၅။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၅ ၁။ တေးဂီတအစီအစဉ်
၄:၂၀ ၂။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား အထူးပြုများ) (အိမ်တွင်းစီးပွား)
၆:၀၀ ၄။ ညနေခင်းသတင်း
၆:၁၅ ၅။ မိုးလေဝသအခြေအနေ
၆:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၂)
၇:၄၀ ၇။ **ရောဝတီအတွက်နောက်ထပ်တံတားတစ်စင်း** (အပိုင်း-၃)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၂၃)
၁၂။ အိန္ဒိယရုပ်ရှင် **ဥယျာဉ်မှူးရဲ့ ပန်းပျိုးလက်** (ဇာတ်သိမ်းပိုင်း)

စာပေမြင့်မှ လူမျိုးတင့်မည်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

မန္တလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်သည် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားကာ အလှူငွေများပေးအပ်ပြီး အောင်မြေသာစံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသားဖွားခန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကြီးကြပ်ရေးအဖွဲ့နာယကဒေါ်မြတ်ငွေက လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိသားစုဝင်ငွေတိုးရေး၊ သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့ဝင်များက မိမိတို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းတင်ပြဆွေးနွေးကြရာ ဒုတိယသမ္မတ၏ဇနီးဒေါ်နန်းရွှေမှုန်က ချီးကျူးအားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီးဒေါ်နန်းရွှေမှုန်က မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွက် အလှူငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ အာဟာရကျွေးမွေးရေးလုပ်ငန်းများအတွက် ဦးကျော်ကျော်ဝင်း-ဒေါ်မေရင် (နယူးစတားလိုက်ကုမ္ပဏီ) မိသားစုက အလှူငွေကျပ် ၁၀ သိန်းနှင့် ဦးအိုက်မောင်-ဒေါ်နန်းအေးတင် (နှင်းတောင်ဆေးဖျန်းပုံး) မိသားစုက အလှူငွေကျပ် ငါးသိန်းအသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြတ်ငွေကလက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် အလှူငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတ၏ ဇနီးနှင့်အဖွဲ့သည် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် ကလေးငယ်များအား ဖြည့်စွက်အာဟာရ ကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အသင်းဝင်များ၊ မိခင်များနှင့် ရင်သွေးငယ်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

လိုအပ်သည်များပံ့ပိုး

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ မွေးဖွားပြီး မိခင်များအား အနှီးပိတ်၊ လုံချည်၊ အာဟာရ ဖြည့်တင်းအစားအစာများ ထောက်ပံ့ပေးအပ်၍ မွေးကင်းစရင်သွေး ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ရှုကာ လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် သတိပဋ္ဌာန်လမ်း အမှတ်(၁၈) တတိယထပ်နေ ကွယ်လွန်သူ ဦးစံလှကျော် သုံးနှစ်ပြည့် အမှတ်တရအတွက် ဇနီး ဒေါ်စုစုနှင့် သားသမီးတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဦးမောင်မောင်အောင်နှင့်အဖွဲ့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ❒ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ❒ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ❒ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဆုပေးပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာပီဂျီအေနှင့် Asia Tour တို့ ပူးပေါင်းကျင်းပသည့် ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် Asia Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်က ပြိုင်ပွဲအောင်မြင်စွာ ဖြစ်မြောက်ရေးအတွက် ကူညီပေးကြသူများအား ကျေးဇူးတင်စကားပြောကြားပြီး အဓိကကူညီပံ့ပိုးပေးသည့်ကုမ္ပဏီများနှင့် ထပ်မံပံ့ပိုးပေးသည့်ကုမ္ပဏီများအား အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်က ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အကောင်းဆုံးယှဉ်ပြိုင်ခဲ့သော အားကစားသမား သိန်းဇော်မြင့်နှင့် ဒုတိယဆုရ Adam BLYTH (ဩစတြေးလျ)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုတို့ကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ Kieran PRATT (ဩစတြေးလျ)အား အထိမ်းအမှတ်ဆုနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

ထို့နောက် ပထမဆုရ Kieran PRATT (ဩစတြေးလျ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၂၀ မှ ဂေါက်သီးအားကစားသမား ၁၄၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုးပင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ၂၀၁၂ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရ ဌေးမင်းလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၃ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပထမမှ ဒသမအထိဆုရရှိသူများ၊ ပထမမှ တတိယအထိ ဆုရရှိသူများနှင့် ပထမ တံခွန်စိုက်ဆုရ ဌေးမင်းလွင်တို့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယခုပြိုင်ပွဲပထမမှ ဒသမအထိ ဆုရရှိသူများသည် မတ် ၁ရက်တွင် ကျင်းပမည့် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်၊ ဇေယျာရွှေမြေ၊ ရောဝတီနှင့် မနောမြေတို့ အနိုင်ရခဲ့

သတင်းနှင့်ဓာတ်ပုံ ဖိုးသော်ဇင်

မကွေးအသင်းတိုက်စစ်ကို ရန်ကုန်နောက်ခံလူများ ကာကွယ်စဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၅

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၅) ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက် ကျင်းပခဲ့ပါတယ်။

(YUSC ကွင်း)

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး

မကွေးFC - တစ်ဂိုး

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်တို့ မီလန်၏ နောက်ကျအနိုင်ဂိုးကြောင့် အမှတ်ပြည့်ရသွားခဲ့တာဖြစ်ပါတယ်။ ပထမပိုင်းမှာ ဦးဆောင်ဂိုးရခဲ့ရာ ဒုတိယပိုင်းမှာ မကွေးတို့ ချေပဂိုးပြန်သွင်းခဲ့တာကြောင့် ရန်ကုန်တို့အနိုင်ရဖို့ ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ ရန်ကုန်အတွက် အနိုင်ဂိုးကိုတော့ နာကျင်အချိန်ပိုမှာ တိုက်စစ်မှူး မီလန်က သွင်းယူခဲ့တာဖြစ်ပါတယ်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ - နှစ်ဂိုး

ဟံသာဝတီယူနိုက်တက် - ဂိုးမရှိ

ပြီးခဲ့သည့်ပွဲတွင် အသင်းသစ် မောရဝတီကို မမျှော်လင့်ဘဲ သရေကျခဲ့တဲ့ ဇေယျာရွှေမြေအသင်းဟာ အခုပွဲကို အနိုင်ရဖို့ အာရုံစိုက်ကစားခဲ့ပါတယ်။ ဟံသာဝတီအသင်းဟာ ဇေယျာရွှေမြေကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်း၍ ရှုံးခဲ့ရခြင်းဖြစ်ပါတယ်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးတွေကို ၃၄ မိနစ်မှာ ဆာဆာနှင့် ၆၂ မိနစ်မှာ မာတင်တို့က သွင်းယူခဲ့တာဖြစ်ပါတယ်။

(ပဒုမ္မာကွင်း)

ရောဝတီယူနိုက်တက် - နှစ်ဂိုး

(ဂျူပီတာ)

နေပြည်တော် - တစ်ဂိုး

(လီအန်ဒရို)

(အောင်ဆန်းကွင်း)

မနောမြေ - သုံးဂိုး

(မန်ဆာ၊ စံမျိုးဦးနှင့် အက်စလေ)

ရက္ခပူရယူနိုက်တက် - တစ်ဂိုး

(အဲလက်စ်)

ယနေ့ပွဲ

(ပဒုမ္မာကွင်း)

မောရဝတီ - ကမ္ဘောဇ

(အောင်ဆန်းကွင်း)

ဇွဲကပင် - ရတနာပုံ

(YUSC ကွင်း)

ချင်း - Southern

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ပထမဦးဆုံးဖွင့်လှစ်လိုက်သည့် (ရွှေကျင်ရေလှောင်တမံနှင့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ)

* ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက်(၆)မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မြန်မာနိုင်ငံ မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် (၁၇)ခုမြောက် ဖွင့်လှစ်လိုက်သည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံး ဆောင်ရွက်ပြီးစီးဖွင့်လှစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ခုဖြစ်သည်။ အဆိုပါ စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။
* အဆိုပါ စီမံကိန်းကို ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ အမှတ်(၂) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် မတ် ၂၅ ရက်တွင် လည်းကောင်း၊ အမှတ်(၃) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဇွန် ၂ ရက်တွင် လည်းကောင်း၊ အမှတ်(၄) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဇူလိုင် ၂၁ ရက်တို့တွင် လည်းကောင်း ဓာတ်အားထုတ်လုပ် ပို့လွှတ်ပေးနိုင်ခဲ့ပြီးနောက် အချောသတ် လုပ်ငန်းများ ဆောင်ရွက်သည်။
* ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အဓိက ရေအား အဆောက်အအုံများအနေဖြင့် အလျား ၁၅၆၈ ပေ၊ အနက် ၁၃၅ ပေနှင့် ထု ၂ ဒသမ ၅ ပေရှိ တမံအုတ်မြစ်စိမ့် ရေတားကွန်ကရစ်နံရံ (Diaphragm Wall) တည်ဆောက်ခြင်း၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၁၆၈၅၀၀၀ ဧကပေ သိုလှောင်နိုင်မည့် အလျား ပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ဇုန်အမျိုးအစားတမံ (Zone Type Dam) တည်ဆောက်ခြင်း၊ အလျား ၁၇၆၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့်ပေ ၂၀ ရှိ ပြွန်သုံးပေါက်ပါဝင်သည့် ကွန်ကရစ်ရေလွှဲ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ အလျား ၁၂၁ ပေ၊ အနံ ၁၂၇ ပေ၊ အမြင့် ၁၃၇ ပေရှိ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ အလျား ၂၅၄၂ ပေ၊ အကျယ် ၁၃၅ ပေ၊ အမြင့် ၅၈ ပေရှိ ရေပိုလွှဲ တည်ဆောက်ခြင်း၊ အချင်း ၂၅ ပေ၊ အလျားပေ ၁၁၀၀ ရှိ ဖိအားမြှင့် သံမဏိပိုက်လိုင်း နှစ်လိုင်း တပ်ဆင်တည်ဆောက်ခြင်း၊ အလျား ၂၉၅ ပေ၊ အနံ ၉၄ ပေ၊ အမြင့်ပေ ၇၀ ရှိ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံ (Switch-Yard) တည်ဆောက်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

* လျှပ်စစ်စက်တပ်ဆင်အင်အားအနေဖြင့် စက်တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ (Francis-Vertical Shaft) တာဘိုင်အမျိုးအစား စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ် တပ်ဆင်ထားပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။
* ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၇၅ မဂ္ဂါဝပ် ရှိပြီး စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း တည်ဆောက်ဖွင့်လှစ်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် စက်တပ်ဆင်အင်အား အကြီးမားဆုံးဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံ၊ စက်မှုလက်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်ရုံသာမက တစ်နိုင်ငံလုံးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။
* ယခုဖွင့်လှစ်လိုက်သည့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အပါအဝင် နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇ ရုံ၊ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၃၃ ရုံမှ လျှပ်စစ်စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၃၆၀ ရရှိလာပြီဖြစ်သည်။
* ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ရွှေကျင်/မဒေါက်ဒေသရှိ ပြည်သူများအတွက်လည်း ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်မည့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ထူထောင်လာနိုင်မည့် အခွင့်အလမ်းကောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။

သတင်းမှတ်စု ➢ မောင်ငြိမ်းအေး

ထန်းတပင်မြို့နယ်၌ ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဆတ်ကလေးကျေးရွာ၌ ဇန်နဝါရီ ၃၀ ရက်က ဂျီအေအေမှ ဆောက်လုပ်လှူဒါန်းသော ဆတ်ကလေးကျေးရွာ၊ ဂိုးဂွကျေးရွာနှင့် ထိန်နှစ်ပင်ကျေးရွာများရှိ ကျောင်းဆောင်သစ် လေးဆောင်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဂျီအေအေမှ Mr. Lothar Kinzelmann နှင့် လက်ထောက် မြို့နယ်ပညာရေးမှူး ဦးရဲထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး ဂျီအေအေမှ Mr.Lothar Kinzelmann က ကျောင်းဆောင်သစ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်လက်ထောက်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၄၈)**

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍကာဇီဝ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ စတုဘုမ္မိက မင်္ဂလ်ရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း ဂဏာဓိပတိ သက်တော် (၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍကာဇီဝမဟာထေရ် ဆရာတော်သည် ၁၃၇၃ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ဖေဖော်ဝါရီ ၃ ရက် (သောကြာနေ့) ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း ဂဏာဓိပတိ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ စတုဘုမ္မိက မင်္ဂလ်ရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍကာဇီဝ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ညောင်လေးပင်ရွာ ခမည်းတော် ဦးဖိုးလှော်၊ မယ်တော် ဒေါ်ရှမ်းတို့မှ ၁၂၈၃ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၉ ခုနှစ် တပို့တွဲလဆန်း ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ညောင်လေးပင်ကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရအား ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ရောက်ရှိတော်မူပြီး ၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စတုဘုမ္မိကဗဟိုဌာနချုပ်ကျောင်း ခဏ္ဍသိမ်၌ နံယောဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ဦးစိန်း၊ ဒေါ်တင်ညွှန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် မော်လမြိုင်မြို့ စိန်မမပါဠိ တက္ကသိုလ် ဆရာတော်ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ညောင်ရမ်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ ဘဒ္ဒန္တဉာဏာဘိဝံသ၊ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသတို့ထံ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူ၍ ၁၃၁၇ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၇ ခုနှစ်မှစ၍ မွန်ပြည်နယ် မော်လမြိုင်မြို့ စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ နာယက ဆရာတော်များနှင့်အတူ စာသင်သား၊ ရဟန်းသာမဏေ ၉၀ ကျော်တို့အား ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲဆိုင်ရာ ပရိယတ္တိစာပေများကို သုံးနှစ်နှင့် သထုံမြို့ စတုဘုမ္မိကစာသင်တိုက်၌ ငါးနှစ် စာပေပို့ချခဲ့ပါသည်။ ဆရာတော်သည် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာပွဲတွင် ဆဋ္ဌသံဂီတိဘာဏကအဖြစ်လည်းကောင်း၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ပဥ္စမအကြိမ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူလျက်ရှိသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရာ၌ လဇ္ဇီပေသလ သိက္ခာကာမ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယစသော နာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၆ (၂၀၀၅)ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၁)ဝါအရ ၁၃၇၃ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ဖေဖော်ဝါရီ ၃ ရက် (သောကြာနေ့) ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့နယ် ပညာကဝိစာကြည့်တိုက်သို့ စာနယ်ဇင်းမျိုးစုံလှူဒါန်း

ဖျာပုံ ဖေဖော်ဝါရီ ၅

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာရှိ ပညာကဝိစာကြည့်တိုက်သို့ စာအုပ်များ ထပ်ဆင့်လှူဒါန်းခြင်းအခမ်းအနားကို အဆိုပါကျေးရွာရှိ စာကြည့်တိုက်၌ ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီက ကျင်းပရာ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်(ဖိုးအောင်လေး) က စာကြည့်တိုက်မှူးဒေါ်အမာထံသို့ စာနယ်ဇင်းမျိုးစုံ ၅၀၀ ခန့်ကို ပေးအပ်လှူဒါန်းသည်။

ဆရာဇော်ဂျီစာကြည့်တိုက်မှ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များထပ်ဆင့်လှူဒါန်းခြင်းမှာ ယခုအကြိမ်သည် (၉)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး စုစုပေါင်း စာအုပ်နှင့်စာနယ်ဇင်းမျိုးစုံ ၈၀၀၀ ကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သို့ စာအုပ်နှင့်စာနယ်ဇင်းမျိုးစုံကို လှူဒါန်းလိုပါက ဖျာပုံမြို့တွင် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် ဖုန်း-၀၄၅-၄၀၉၉၇နှင့် ရန်ကုန်မြို့တွင် မှူဝံစာအုပ်တိုက် အမှတ်(၂၁၂) ၃၁ လမ်း(အထက်)ဖုန်း-၀၁-၈၅၅၉၇ တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၀၆၇)**

အဘိုးအဘွားများအား ရေကြည်တွင် ပူဇော်ကန်တော့

ပုသိမ် ဖေဖော်ဝါရီ ၅

ပုသိမ်ခရိုင် ရေကြည်မြို့နယ် မင်္ဂလာပြည်တော်ဓမ္မာရုံ၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ပထမအကြိမ် အသက် ၈၀ အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားနှင့် နာရေးကူညီမှုအသင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် အသင်းမှ အသက် ၈၀ အထက် အဘိုးအဘွားများအား တစ်ဦးလျှင် ပူဇော်ငွေကျပ် ၁၀၀၀၀ နှင့် စောင်တစ်ထည်စီ ပူဇော်ကန်တော့ပြီး မြို့နယ်နာရေးကူညီမှုအသင်းသို့ ရေကြည်မြို့နယ်အသင်း(ရန်ကုန်)က အလှူငွေကျပ် သုံးသိန်း၊ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါ်နွဲ့နွဲ့ဝင်းနှင့် ခင်ပွန်းတို့က မြို့နယ်ပြည်သူ့ဆေးရုံသို့ အာလ်ထရာဆောင်းဝယ်ယူရန် ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၉၁၁)**

ဇန်နဝါရီ ၂၇ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် စွယ်တော် စာကြည့်တိုက်၌ ကဗျာရွတ်ပြိုင်ပွဲနှင့်ပုံပြောပြိုင်ပွဲကျင်းပရာ ကဗျာရွတ်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်ကောင်းထက်နိုင်အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အောင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဈေးဝယ်...မခက်...ရတက်အေးစေချင်

ရန်ကုန် ဖေဖော်ဝါရီ ၅

နန္ဒင်းမှုန့်အချို့တွင် အသည်းကင်ဆာဖြစ်စေနိုင်သော ဓာတုဆိုးဆေးများ ပါဝင်သည်ဆိုသည့် သတင်းကို ဖတ်လိုက်ရသဖြင့် အိမ်ရှင်မတစ်ဦးအနေဖြင့် အံ့ဩမိပြီး ဤသတင်းမမှန်ပါစေနှင့်ဟု ဆုတောင်းမိသည်။

အသား၊ ငါးများချက်ပြုတ်ရာ၌ အညှီအဟောက်ကိုနိုင်ပြီး ကျန်းမာရေးကိုလည်း အထောက်အကူပြုသည့် နန္ဒင်းမှုန့်ကို ယနေ့အထိ အိမ်ရှင်မတို့ ယုံကြည်စိတ်ချစွာ သုံးစွဲခဲ့ကြသည်။ နန္ဒင်းမှုန့်အချို့တွင် ပါဝင်သည့်ဆိုးဆေးမှာ အသည်းကင်ဆာဖြစ်စေနိုင်သည့် အပြင် ဗဟိုနာ့ဗ်ကြောမကြီးကိုလည်း ထိခိုက်နိုင်သည်ဟု ဆိုသဖြင့် မီးဖိုချောင်ရှိ နန္ဒင်းဘူးကို ဖွင့်ကြည့်မိသလို ဟင်းအိုးထဲတွင်လည်း ဆိုးဆေးအရောင်တွေ များနေသလားဟု သံသယဝင်မိသည်။

မကြာသေးမီကလည်း နွားနို့တွင် ရေရောရုံသာမက အခြားအမှုန့်များ ရောနှောပါဝင်ကြောင်း၊ ငရုတ်သီးမှုန့်နှင့် အရောင်တင်မှုန့်များတွင် စားသုံးရန် မသင့်သည့် ပစ္စည်းများရောနှောကြိတ်ထားကြောင်း၊ ပဲဆီ၊ နှမ်းဆီတို့တွင်လည်း စားသုံးသူကို အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများရောနှောထည့်ထားကြောင်း သတင်းများကိုဖတ်ရသဖြင့် နွားနို့သောက်ရမှာ၊ အရောင်မှုန့်ခတ်ရမှာ၊ ဆီသုံးရမှာ လက်တွန့်မိသည်အထိ ဖြစ်ရာ အခြားအိမ်ရှင်မများလည်း မိမိနည်းတူ ခံစားရမည်ဟု ယုံကြည်ပါသည်။

ဈေးထဲတွင် အရွက်ဖားဖား၊ အသီးထွားထွား ဟင်းသီးဟင်းရွက်များကို ဝယ်မည်ကြံတိုင်း ဓာတုဆေးများ ပက်ဖျန်းထားသည်ဟု သံသယဖြစ်သဖြင့်လည်း မဝယ်မိရန် ရှောင်ရှားခဲ့ရပေါင်းများပါပြီ။ မိမိအိမ်သားများကို အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းအမယ်များ စားသုံးနိုင်ရန် မိမိတို့အိမ်ရှင်မများအနေဖြင့် သတိထား ရွေးချယ်ဝယ်ယူရပါသည်။

ထို့ကြောင့် လောဘစိတ်ဖြင့် စားသုံးသူများ၏ အသက်အန္တရာယ်ကို ထိခိုက်စေမည့် ဓာတုဆိုးဆေး အရောင်၊ အနံ့ ရောနှောမှုများကို ရှောင်ရှားစေလိုသကဲ့သို့ သက်ဆိုင်ရာတို့ကလည်း စိစစ်ဖော်ထုတ်မှု အရှိန်ပိုမိုမြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း အိမ်ရှင်မများ၏ကိုယ်စား ဆန္ဒပြုတင်ပြလိုက်ရပါသည်။ ။

(နွဲ့-သတင်းစဉ်)

မြန်မာ့အလင်း **မှုခင်းသတင်း** ၅-၂-၂၀၁၂

စိတ်ကြွဆေးဝါးများဖြန့်ဖြူးရောင်းချသူ ဖမ်းဆီးရမိ

မွန်ပြည်နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းနေအိမ်တစ်အိမ်၌ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချကြောင်း သတင်းအရ ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီခန့်တွင် ရေးရဲစခန်း ဒုရဲအုပ်နိုင်ဝင်းသိန်းဦးဆောင်သောအဖွဲ့က သက်သေများနှင့်အတူ အဆိုပါနေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပျဉ်ကြမ်းခင်းအောက်၌ သိမ်းဆည်းထားသော (WY) စာတန်းပါစိတ်ကြွဆေးပြား ၉၉၄ ပြားနှင့် ငွေစက္ကူကျပ် ၄၄၀၀ တိတိတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းနေအိမ်တွင် နေထိုင်သူ အောင်ငွေ(ခ)အောင်သိန်း(၅၂)နှစ် (ဘ)ဦးဒါနှင့် မချို (၃၈)နှစ် (ဘ)ဦးအောင်စိန်တို့အား တရားဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နေမျိုးထွန်း(ရေး)

ရပ်ထားသည့် ဟီးနိုးကားကို ဝင်တိုက်မိ

မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က ယင်းမာပင်ကျေးရွာ မြန်မာ့သစ်လုပ်ငန်း ပျဉ်းမနား(မြောက်)ဒေသပိုင် ယာဉ်အမှတ် ၈/. . . ဟီးနိုးခြောက်ဘီးယာဉ်ကို ရေများတင်ဆောင်၍ ကျော်စွာမြင့်(၃၂)နှစ်က ယင်းမာပင်ကျေးရွာမှ မဒန်သစ်ကွင်းသို့ မောင်းလာခဲ့စဉ် ကားလမ်းဘေးရပ်ထားသည့် ယာဉ် အမှတ် မ/. . . ဟီးနိုးခြောက်ဘီးယာဉ်ကို ဝင်ရောက်တိုက်မိရာ ယာဉ်မောင်းကျော်စွာမြင့်မှာ ဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(၀၁၂)**

တာမွေမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမြဲအောင်နှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁ ရက်က ရပ်ကွက်အတွင်းရှိ ဈေးများ၊ သိုလှောင်ရုံများ၊ လူနေအိမ်များနှင့် စားသောက်ဆိုင်များတွင် မီးသုံးစွဲမှုစနစ်တကျရှိစေရေးအတွက် အသိပညာပေးခြင်း၊ မီးသတ်ဆေးဘူးများထားရှိ သုံးစွဲမှုတို့ကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (၀၄၄)

ဂုဏ်ပြုမှတ်တမ်းချီးမြှင့်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်း၏၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ စားပွဲခုံနှင့် စာရေးခုံအတွက် ငွေကျပ်တစ်သိန်းအလှူရှင် ဦးအောင်သန်းရွှေ-ဒေါ်လှရီ(မိသားစု)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းအိ ဂုဏ်ပြုမှတ်တမ်းချီးမြှင့်စဉ်။ (၀၄၃)

ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဟူသည့် ရည်မှန်းချက်တစ်ရပ် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကျန်းမာရေးစောင့်ရှောက်မှုတွင် စေတနာ၊ ဝါသနာပါသော ဒေသခံလူငယ်များအား သင်တန်းပေးခြင်းနည်းလမ်းဖြင့်ဖော်ဆောင်

ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများအတိုင်း တိကျစွာလိုက်နာကျင့်သုံး၍ ပြုစုကုသပေးခြင်းဖြင့် တာဝန်ကျေပွန်အောင်ဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကသာမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(စင်းခန်း)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး လိုက်ပါလျက် ကသာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းရှိကွန်ပျူတာခန်း၌ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ကွန်ပျူတာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ Computer Aided Instruction Room ၊ Audio Visual Room ၊ ရူပဗေဒလက်တွေ့ခန်းနှင့် နဝမတန်းစာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများအား နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူများ ပညာရည်တိုးတက်မြင့်မားရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်၊ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်း၊ ရွှေတောင်ကုမ္ပဏီမှ ဦးအောင်ဇော်နိုင်၊ ရွှေသံလွင်ကုမ္ပဏီမှ ဦးအောင်မင်းသိန်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဦးမြတ်ချို၀င်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆

နိုင်ငံတကာအနုပညာ — မောင်မောင်မြင့်ဆွေ–ရေးသားသည်

ကမ္ဘာကျော်အဆိုတော် ရှာကီရာ မြင်သစ်ယဉ်ကျေးမှုဆု ဆွတ်ခူးရရှိ

ကိန်း(စ်) ဖေဖော်ဝါရီ ၅

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် ရှာကီရာ(**ဝဲပုံ**)ကို သူမရဲ့ ဂီတအနုပညာ ထူးချွန်မှုတွေအတွက် ကိန်း(စ်)မြို့မှာ ပြင်သစ်ယဉ်ကျေးမှုဆိုင်ရာ ဆုတံဆိပ် ချီးမြှင့်လိုက်ပါတယ်။

Hips Don't Lie လို့အမည်ရတဲ့ သီချင်းနဲ့ သီဆိုဖြေဖျော်ပေးခဲ့တဲ့ ကိုလံဘီယာအဆိုတော် ရှာကီရာကို *စာမျက်နှာ ၅ ကော်လံ ၁* ●



လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၅

လူသားတစ်ဦး၏ မျက်နှာသွင်ပြင် အမူအရာ၊ စိတ်ဝင်စားမှုနှင့် လေ့လာသင်ယူနိုင်မှုများအပြင် လူသားတို့၏ အနေအထိုင် အပြုအမူအတိုင်း အနီးစပ်ဆုံး ဆောင်ရွက်နိုင်သော စက်ရုပ်တစ်မျိုး ***(အပေါ်ပုံ)****ကို အမေရိကန်သုတေသန ပညာရှင်များက ထုတ်လုပ်နေကြောင်း ဖေဖော်ဝါရီ ၅ ရက်၌ သတင်းထုတ်ပြန်သည်။*

ကလေးငယ်များနှင့် လူမမာများအား ပြုစုနိုင်သည့် စက်ရုပ်

မိုးမြင့်လင်းလက်–ရေးသားသည်

အဆိုပါ စက်ရုပ်များသည် ကလေးငယ်များအား အနေအထိုင် အပြုအမူများကို ဆရာတစ်ဦးကဲ့သို့ သင်ကြားပြသပေးနိုင်သလို လေဖြတ်ခံထားရသော ဝေဒနာရှင်များကိုလည်း ၄င်းတို့ပုံမှန်လှုပ်ရှားသွားလာနိုင်ရန် လေ့ကျင့်ခန်းများ ပူးတွဲပြုလုပ်ပေးနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၃ ■

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



လူသားတို့ နေထိုင်နိုင်မည့် ဂြိုဟ်သစ်တစ်လုံးတွေ့ရှိ စာ–၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ပထမဦးဆုံးဖွင့်လှစ်လိုက်သည့် (ရွှေကျင်ရေလှောင်တမံနှင့် ရွှေကျင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ) စာ–၉

၂၀၁၀ ခုနှစ်အတွက် အကယ်ဒမီဆု ချီးမြှင့်သည့် အခမ်းအနားကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ နေပြည်တော်မြန်မာ့အသံ၊ MRTV-4 Channel၊ Myanmar International Channel နှင့် Skynet Up to Date Channel တို့မှ ယင်းနေ့ညနေ ၅ နာရီမှစတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစား — မောင်ချစ်ကြည်–ရေးသားသည်

ချယ်လ်ဆီးတို့ အိမ်ကွင်း၌ အနိုင်ဟုအပိုင်တွက်ခဲ့သော်လည်း မန်ယူတို့၏ ပယ်နယ်တီတွဲလုံးများကြောင့် သရေဖြစ်ခဲ့

လန်ဒန် ဖေဖော်ဝါရီ ၅

ပရီမီယာလိဂ်ပွဲစဉ်(၂၄) ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သည့် ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့ ဖေဖော်ဝါရီ ၅ ရက်က အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ **(ဝဲပုံ)**

လက်ဆောင်ဂိုးရရှိ

မန်ယူအသင်းသည် ရွှန်နေ၊ ဝဲဘတ်၊ ရိုင်ယန်ဂစ်တို့ ကန်ချက်များက ချယ်လ်ဆီးဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ သို့သော် တောရက်စ်နှင့် မာတာတို့ကလည်း မန်ယူနောက်တန်းကို ထိုးဖောက်ကာ အကြိမ်ကြိမ်ဂိုးသွင်းရန် ကြိုးစားခဲ့ရာမှ ပွဲချိန် ၃၅ မိနစ်၌ မန်ယူဂိုးသမား ဒေးဗစ်ဒီဂီရာ ဘောလုံးရှင်းထုတ်ရာ နောက်ခံလူ အီဗန်နှင့်ထိပြီး ဂိုးဝင်သွားသဖြင့် ချယ်လ်ဆီးတို့ လက်ဆောင်ဂိုးရရှိသွားခဲ့သည်။

ဒုတိယပိုင်းပွဲချိန်စသည်နှင့် ၃၆ စက္ကန့်အကြာ ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ် ဂိုးရှေ့ကန်တင်လိုက်သည့် ဘောလုံးကို မာတာက မြေမကျကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ နှစ်ဂိုးရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန်မိနစ် ၅၀ ၌ *စာမျက်နှာ ၅ ကော်လံ ၃* ❍